# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၇၄)၊ ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၄ ရက်၊ ၃၀-၅-၂၀၂၅၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့်ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ဒုတိယအကြိမ်မြောက် အလှူငွေများပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။

## မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့်ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်လှူဒါန်းပွဲကျင်းပပြုလုပ်

### လှူဒါန်းမှုအနေဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၃၁ ဒသမ ၅၃ ဘီလီယံနှင့် အမေရိကန်ဒေါ်လာ ၂၃၁၄၉၀၀ ရရှိ

နေပြည်တော် မေ ၂၉

မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့်ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ဒုတိယအကြိမ်မြောက် အလှူငွေများပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး အလှူငွေများ လက်ခံသည်။

အဆိုပါ အလှူငွေပေးအပ်လှူဒါန်းပွဲသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်တွင်း ပြည်ပမှ စေတနာရှင်အလှူရှင်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂၉

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက် ၂ ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၅ ခုနှစ် ၊ မေ ၂၀ ရက်၊ သောကြာနေ့။

မန္တလေး

## စိမ်းစိုအေးမြ နယုန်လ

ဥတုရာသီ စက်ဝန်းသည် ဖန်ခါခါ သံသရာလည်လျက်ရှိသည်။ "နယုန်မိုးသေး မြက်သားမွေး" ဆိုသည့်အတိုင်း မိုးသေးမိုးဖွဲများ မစဲဘဲ ရွာနေမြဲဖြစ်သည်။ နယုန်လသည် မြန်မာဆယ့်နှစ်လတွင် တတိယမြောက်လလည်း ဖြစ်သည်။ နယုန်လကို ပုဂံခေတ်ကျောက်စာတွင် "နယုန" ဟုရေးသားကြသည်ကို တွေ့ရသည်။ "နယုန်"တွင် "န"၏ အဓိပ္ပာယ်မှာ "အချိန်ခါကာလ"ဖြစ်သည်။ "ယုန်"၏ အဓိပ္ပာယ်မှာ စီးကျခြင်း၊ ရွာကျခြင်း၊ ယိုကျခြင်းဖြစ်သည်။

နယုန်လတွင် စံပယ်ဖွေးဖွေး သင်းပျံ့မွှေး၏။ မိုးကောင်းကင်ဘုံ တိမ်ရောင်စုံ၏။ မုတ်သုံလေစ မိုးဦးကျ၏။ မြက်နုပင်ပျို စိမ်းစိမ်းစို၏။ နယုန်လသည် မိုးဦးကျစ ကာလဖြစ်ပြီး ကောင်းကင်တစ်ခွင်တွင် တိမ်ညို၊ တိမ်ပြာအစရှိသည့် တိမ်မျိုးစုံတို့ ဖုံးလွှမ်းလျက်ရှိသည်။ ပုလဲဖြူလွ မိုးစက်များကျလာကာ သစ်ပင်များတွင် ရွက်စိမ်းဝတ်ရုံခြုံနေသည်။ ပန်းမန်များ ဝါပြာဖြူနီဖူးပွင့်စည်လျက် နယုန်လ၏ သဘာဝဝန်းကျင်မှာ လန်းဆန်းအေးမြနေသည်။ နယုန်မိုးသေး ရွာသွန်းပေးလိုက်သဖြင့် စံပယ်ဖြူဖြူဖွေးတို့သည် ကြူကြူမွှေးကာ ပွင့်လန်းလာကြသည်။

နယုန်လတွင် "ရွှေစာတော် ပြန်မေးလို့" ဟုဆိုသည့်အတိုင်း ရှေးအခါက စာတော်ပြန်ပွဲကို ကျင်းပကြသည်။ "ဆန်းကြယ်အရောင်၊ တောက်ပြောင်ဝင်းဝါ၊ သုဓမ္မာဝယ်၊ သံဃာတော်များ။ ဟောကြားမိန့်မြွက်၊ မေးဖြေလျက်တည့်"ဟု စာဆိုဦးယာက စာတော်ပြန်ပွဲကို စာပန်းချီခြယ်ခဲ့သည်။ စာတော်ပြန်ပွဲဆိုသည်မှာ တိုင်းပြည်အတွက် အားထားရမည့် ပညာရှင်များ ပေါ်ထွန်းလာရေးအတွက် စာမေးပွဲစစ်မေးခြင်းလည်းဖြစ်သည်။ စာတော်ပြန်ပွဲကို ညောင်ရမ်းခေတ် သာလွန်မင်းတရားကြီးလက်ထက်တွင် စတင်ကျင်းပခဲ့သည်။

နယုန်လတွင် ဘုရားရှင်လက်ထက်တော်အခါကပင် လယ်ယာလုပ်ငန်းခွင်၌ စတင်ထွန်ယက်ခြင်းပြုခဲ့သည်။ ဘုရားလောင်း သိဒ္ဓတ္ထမင်းသားကို မွေးဖွားပြီး တစ်လမြောက်သောအခါ ခမည်းတော်မင်းတရားကြီး၏ လယ်ထွန်မင်္ဂလာ ပြုတော်မူကြောင်း ဇိနတ္ထပကာသနီကျမ်း၌ ဖော်ပြထားသည်။ မင်းတုန်းမင်းလက်ထက်၌လည်း လယ်ထွန်မင်္ဂလာပွဲ ဆင်နွှဲခဲ့ပုံကို "ဆဒ္ဒန်ရှင်ရွှေထွန်နှင်တယ်၊ ကျွန်းခွင်ကအေး"ဟု ဦးစီက ဗုံကြီးသံဖွဲ့ဆိုခဲ့ပြန်သည်။ နယုန်လသည် မြန်မာ့လယ်ယာလုပ်ငန်းခွင် နိုးထစကာလဖြစ်သည်။ နယုန်လသည် တိုင်းပြည်ဝမ်းစာအတွက် အားရစရာပင်ဖြစ်သည်။

နယုန်လသည် စာသင်ခန်းတံခါးများကို ပွင့်စေသည်။ ခေါင်းလောင်းသံ ချိုမြစေသည်။ နွေရာသီပိတ်ထားသည့်ကျောင်းများ မိုးနှင့်အတူဖွင့်လေပြီ။ မိုးသံလေသံကြားမှာ စာအံသံချိုချိုများလွင့်ပျံ့လာသည်။ မင်္ဂလာရှိလှသည်။ အဖြူအစိမ်းဝတ်ကျောင်းသား၊ ကျောင်းသူများ၏ အသွင်သဏ္ဌာန်မှာ သစ်ပင်ပန်းမန်များကဲ့သို့ လန်းဆန်းနေသည်။

ထို့အပြင် မြစ်ချောင်းတို့တွင်လည်း "တန်ခူးရေကုန် ကဆုန်ရေခန်း" ဆိုသကဲ့သို့ ရေတို့ခန်းခြောက်နေသည်။ နယုန်လ၌လည်း မြစ်ရေတို့ ပေါ်င်းလန်အောင် ပြည့်လျှံခြင်း မရှိသေးပေ။ မြစ်ရေအယဉ်သည် တသွင်သွင်ဖြင့် ညင်သာစွာ စီးဆင်းနေမြဲဖြစ်သည်။ မိုးကြိုကာလ မြစ်ရေပြင်ကား ကျယ်ပြန့်ခြင်း မရှိသေးပေ။ ကမ်းနံဖက် တောင်ပြင်တို့ပေါ်၌ စိုက်ခင်းစိမ်းစိမ်းတို့ကို တွေ့မြင်နေသည်။ မြစ်အတွင်းတွင် လှေ၊ သမ္ဗာန်နှင့် သင်္ဘောတို့ စုန်ဆန်ကာ လှော်ခတ်ခုတ်မောင်းလျက်ရှိသည်။ တံငါသည်တို့ ငါးရှာနေကြသည်။ မိုးဝသန်အစ နယုန်လ၏ ပတ်ဝန်းကျင်သည် အဟောင်းထဲမှ အသစ်ကို မြင်နေရသော ကာလဖြစ်သည်။

သို့ဖြစ်ရာ မိုးဝသန်အစ စိမ်းစိုအေးမြ နယုန်လကား မြန်မာတို့၏ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်စေရန် လုပ်အားအစ၊ နိုင်ငံအလှကို ဖော်ကျူးနေသော လုပ်ငန်းခွင်မာန်ဟုန် လနယုန်ဟု တင်စားရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး မေ ၂၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်၊ ၅၄ လမ်းနှင့် ၁၃၃လမ်းထောင့်၊ (ဓ)ရပ်ကွက်တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို မေ ၃၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြား၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ ဆေးရုံမြောက်ဘက်၊ မဟာဂန္ဓာရုံ အနောက်ပေါက်၊ မေ ၃၁ ရက်တွင် မဟာအောင်မြေမြို့နယ်၊ တက္ကသိုလ်ရပ်ကွက်၊ ၇၃ လမ်း၊ တက္ကသိုလ်လေ့ကျင့်ရေးကျောင်းရှေ့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဖ-၈/၉)၊ ၅၉ လမ်း၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြား၊ ကံသာယာရပ်ကွက်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

၀-၀-၀-၀

## အားကောင်းသော မုန်တိုင်းအရှိန်ကြောင့် ဇွန် ၂ ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီးအပါအဝင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာနိုင်ပြီး အချို့ဒေသများ၌ နေရာကွက်၍ မိုးကြီးနိုင်



**မန္တလေး မေ ၂၉**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ်အရှိန်ကြောင့် မန္တလေးတိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မေ ၂၉ ရက်မှ ဇွန် ၂ ရက်အထိ မိုးထစ်ချုန်းရွာနိုင်ပြီး နေရာကွက်၍ မိုးကြီးနိုင်ကြောင်း သိရသည်။

အဆိုပါမုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ အနောက်ဘက် ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့ကို ဖြတ်ကျော်လာခဲ့ရာက မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး မုန်တိုင်းငယ်အဆင့်သို့ အားလျော့သွားနိုင်ကြောင်း မိုး/ဇလမှ ခန့်မှန်းထားသည်။

"ကုန်းတွင်းပိုင်း ဝင်ရောက်လာပြီး ဆက်လက်ရွေ့လျားမယ့် လမ်းကြောင်းမှာ မုန်တိုင်းအကြွင်းအကျန်တိမ်တိုက်တွေက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနဲ့ ကချင်ပြည်နယ်ဘက်ကို ဦးတည်ရွေ့လျားနိုင်လို့ ချင်းတွင်းမြစ်ဖျားပိုင်းနဲ့ ဧရာဝတီမြစ်ဖျားပိုင်းတွေမှာ မိုးအလွန်များလာနိုင်တယ်။ မန္တလေးတိုင်းဒေသကြီးအပါအဝင် နေရာအနှံ့အပြားမှာ မိုးထစ်ချုန်းရွာနိုင်သလို နေရာကွက်ပြီး မိုးကြီးနိုင်ပါတယ်"ဟု မိုး/ဇလ ပညာရှင်တစ်ဦးက ပြောသည်။

အားကောင်းသော မုန်တိုင်းငယ်အရှိန်ကြောင့် မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်ကြောင်း ထုတ်ပြန်ထားသည်။

"ခန့်မှန်းချက်တွေက ရက်အနီးအဝေးပေါ်မူတည်ပြီး တိကျမှန်ကန်မှု အားနည်းသွားတာမျိုး ရှိတတ်ပါတယ်။ ကမ္ဘာ့လေထုအတွင်းမှာ ဖြစ်ပေါ်နေတဲ့ လေတိုက်နှုန်း၊ ရေခိုးရေငွေ့ပါဝင်မှုနဲ့ အပူချိန်တွေက စက္ကန့်တိုင်းမှာ ပြောင်းလဲနေတာကြောင့် ခန့်မှန်းချက်တွေကလည်း ပြောင်းလဲပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းတာနှင့်အတူ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးများဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသများမှာ နေထိုင်ကြသူများ၊ မြစ်ငယ်၊ ချောင်းငယ်များအနီးနေထိုင်သူများ အနေဖြင့် ကြိုတင်သတိပြုကြရန် လိုအပ်ကြောင်း မိုး/ဇလမှ အကြံပြုထားသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၉)

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

**သင့်သွေးဖြင့် အသက်ကယ်ပါ။**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များ၊ အခမ်းအနားတက်ရောက်လာကြသူများ မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် သေဆုံးခဲ့ရသည့် ပြည်သူများအတွက် ဝမ်းနည်းကြောင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်ကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အလှူငွေ ပေးအပ်လှူဒါန်းစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အလှူငွေ ပေးအပ်လှူဒါန်းစဉ်။

✪ ရှေ့ဖုံးမှ

**ဝမ်းနည်းကြောင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်**

ဦးစွာ အခမ်းအနားအစီအစဉ်အရ မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် သေဆုံးခဲ့ရသည့် ပြည်သူများအတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များ၊ အခမ်းအနားတက်ရောက်လာကြသူများသည် တစ်မိနစ်ငြိမ်သက်ကြသည်။

**သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခံစားခဲ့ရမှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် မြေငလျင်ကြီးကြောင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ၁၀ ခုတွင် ထိခိုက်မှုရှိခဲ့ပြီး ခြောက်ခုတွင် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ကြရကြောင်း၊ ထိုကဲ့သို့ ဘေးဒုက္ခကြုံတွေ့နေရသည့် ပြည်သူများအတွက် စေတနာရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြခြင်းဖြစ်သည့်အတွက် ယနေ့အခမ်းအနားသည် မင်္ဂလာရှိသည့် အခမ်းအနားပင်ဖြစ်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံသည် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများကြောင့် ရေကြီးရေလျှံမှု၊ မုန်တိုင်းဝင်ရောက်မှု၊ မိုးခေါင်ရေရှားမှုများအနေဖြင့် နှစ်စဉ်နှစ်တိုင်းလိုလို ဖြစ်ပွားခဲ့ပြီး ပြီးခဲ့သည့် နှစ်များအတွင်း၌လည်း ၂၀၂၃ ခုနှစ်တွင် မိုခါမုန်တိုင်းနှင့် ၂၀၂၄ ခုနှစ်တွင် ရာဂီမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ရှစ်ခုတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း၊ ယခု ၂၀၂၅ ခုနှစ်တွင်လည်း ပြင်းအား ၇ ဒသမ ၇ ရှိသည့် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့သောကြောင့် နိုင်ငံတော်အနေဖြင့် ဆုံးရှုံးခဲ့ရမှုများ များစွာရှိခဲ့သကဲ့သို့ ပြည်သူတစ်ဦးတစ်ယောက်ချင်းစီနှင့် မိသားစုများ၌လည်း ထိခိုက်နစ်နာဆုံးရှုံးမှုများစွာရှိခဲ့ကြောင်း။

**အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများ**

ငလျင်ကြီး ဖြစ်ပေါ်ခဲ့မှုကြောင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ၁၀ ခုမှာရှိသည့် ရပ်ကွက် ၃၇၄ ခု၊ ကျေးရွာ အုပ်စု ၉၄၄ စု၊ ကျေးရွာ ၂၀၈၁ ရွာ၊ အိမ်ထောင်စု ၁၆၂၁၆၇ ခု၊ လူဦးရေ စုစုပေါင်း ၅၀၆၀၆၉ ဦး ဘေးသင့်ခဲ့ပြီး သေဆုံးသူ ၃၇၃၉ ဦး၊ ပျောက်ဆုံးသူ ၆၈ ဦး၊ ဒဏ်ရာရသူ ၅၁၀၄ ဦး ရှိကြောင်း။

နေအိမ်၊ အဆောက်အအုံနှင့် အခြားထိခိုက်ပျက်စီးမှုများအနေဖြင့် လူနေအိမ် ၅၁၂၁၀ လုံး၊ လမ်းလုပ်ငန်း ၄၃၁ ခု၊ တံတား ၁၀၃ စင်း၊ ရထားလမ်းပျက်စီးနေရာ ၈၃ နေရာနှင့် ရထားလမ်းတံတား ၁၁ စင်း၊ မိုဘိုင်းဆက်သွယ်ရေးစခန်း ၆၇၃၀ ခု၊ မဟာဓာတ်အားလိုင်း ၁၀ လိုင်း၊ ဓာတ်အားလိုင်းတိုင် ၃၄၃၅ တိုင်၊ ဆည်မြောင်း ၅၉၄ ခု၊ တာတမံ ခြောက်ခု၊ ဌာနအဆောက်အအုံ ၁၁၃၃၈ လုံး၊ ဆေးရုံ ၃၈၄ ရုံ၊ ဆေးခန်း ၃၆၄ ခန်း၊ ရှေးဟောင်းအဆောက်အအုံနှင့် ပြတိုက် ၁၆၆ ခု၊ အခြေခံပညာကျောင်း ၂၄၀၉ ကျောင်း၊ အဆင့်မြင့်ပညာကျောင်း ၇၂ ကျောင်း၊ ပုဂ္ဂလိက စာသင်ကျောင်း ၉၀၊ ဘုရားစေတီ ၆၄၆၉ ဆူ၊ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းနှင့် အခြားဘာသာရေးအဆောက်အအုံ ၅၅၈၈ ခု၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံ ၃၄၄ ခု၊ သီးနှံ ၇၈ ဒသမ ၅ ဧက၊ တိရစ္ဆာန်ကောင်ရေ ၁၃၃၇၀၀ ထိခိုက်ပျက်စီးခဲ့ရပြီး မူလပျက်စီးဆုံးရှုံးမှုတန်ဖိုး စုစုပေါင်းငွေကျပ် ၃၈၀၄ ဒသမ ၅၄၉ ဘီလီယံဖြစ်ကြောင်း။

**ကူညီကယ်ဆယ်ရေး၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေး**

မတ်လ ၂၈ ရက် ငလျင်လှုပ်ခတ်ပြီးချိန်၌ ငလျင်ဘေးသင့်ဒေသများနှင့် ထိခိုက်ဒဏ်ရာရလူနာများအား ဆေးရုံ၌ကုသပေးနေမှုများကို မိမိကိုယ်တိုင် ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း၊ ငလျင်ဘေးသင့်ဒေသများသို့ ကွင်းဆင်းကြည့်ရှုခဲ့သည်မှာ ယနေ့အထိ စုစုပေါင်း ၁၅ ကြိမ် ရှိခဲ့ပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများနှင့် စီမံလမ်းညွှန်မှုများ ပေးခဲ့ကြောင်း။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင်လည်း အဆင့်(၅) ဆင့် သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းအင်အားစုများ အပြည့်အဝပါဝင်ခဲ့ကြကြောင်း၊ ထို့အပြင် ပြည်ပနိုင်ငံများမှ လာရောက်ကူညီကြသည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ အရေးပေါ်ရှာဖွေကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက် ခဲ့ခြင်းကြောင့် အဆောက်အအုံများအတွင်း ပိတ်မိနေသူ ၆၅၃ ဦးကို အသက်ရှင်လျက် ရှာဖွေကယ်ဆယ်နိုင်ခဲ့ပြီး သေဆုံးသူ ၈၀၆ ဦးကို ဖော်ထုတ်ရှာဖွေပေးနိုင်ခဲ့ကြောင်း။

ငလျင်ဘေး တုံ့ပြန်ရေး ဆောင်ရွက်နိုင်ရန် အတွက် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre– DMC)ကို ၂၀၂၅ ခုနှစ် မတ် ၂၉ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်တွင် ရှိသည့် လုပ်ငန်းကော်မတီများ အလိုက် တုံ့ပြန်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဘေးသင့် ပြည်သူများအတွက် လတ်တလော ယာယီနေထိုင်နိုင်ရေး ဆောင်ရွက်ပေးခြင်း၊

စာမျက်နှာ ၄ သို့ ✪





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံ စေတနာရှင်၊ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ထံ စေတနာရှင်၊ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

✪ စာမျက်နှာ ၃ မှ

သောက်သုံးရေ လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ အခြေခံ စားသောက်ကုန်၊ လူသုံးကုန် ပစ္စည်းများကို ဈေးကားဖြင့် လှည့်လည်ရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့အပြင် အရေးပေါ်လိုအပ်ချက်ဖြစ်သည့် ဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် မိုးမကျမီ ယာယီ အမိုးအကာအောက် ရောက်ရှိစေရေး တို့ကိုလည်း ဆောင်ရွက် လျက်ရှိကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ယာယီကျန်းမာရေးဆေးပေးခန်းများ ဖွင့်လှစ်ပြီး ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ လိုအပ်သည့် ဆေးကုသမှုများ၊ ခွဲစိတ်ကုသခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း။

ယခုကဲ့သို့ တုံ့ပြန်မှုများ ဆောင်ရွက်သည့်အခါတွင် နိုင်ငံတကာက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဖိတ်ခေါ်လမ်းဖွင့်ပေးခဲ့ကြောင်း၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ AHA Centre၊ ဗီယက်နမ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံ၊ လာအိုနိုင်ငံ၊ Singapore Red Cross Society၊ နီပေါနိုင်ငံ၊ UAE နိုင်ငံ၊ ဘရူနိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ပေးပို့လှူဒါန်းသည့် အလှူပစ္စည်းများကို ငလျင်ဘေးသင့်ဒေသများတွင်ရှိသည့် လိုအပ်နေသည့် ပြည်သူများထံသို့ အချိန်မဆိုင်းဘဲ ဖြန့်ခွဲဆောင်ရွက်ပေးလျက်ရှိကြောင်း။

ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် တိုင်းဒေသကြီး/ပြည်နယ်များ၌ အရေးပေါ် ရှာဖွေကယ်ဆယ်ရေး၊ အရေးပေါ်ထောက်ပံ့ကူညီရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ယခုအချိန်တွင် အပျက်အစီးများ ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုတစိုက်မတ်မတ် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ငလျင်ဒဏ်ကြောင့် တစ်နိုင်ငံလုံးရှိပြည်သူများ စိတ်ထိခိုက်ခံစားနေရသည့်အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည့် ကာလဖြစ်သည့်အတွက် တည်ငြိမ်အေးချမ်းမှု လိုအပ်သောကြောင့် တပ်မတော်အနေဖြင့် ဧပြီလ ၂ ရက်မှစပြီး ယခုမေလကုန်ထိ ယာယီပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကာလ သတ်မှတ်ထုတ်ပြန်ထားကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ရှေးရှုပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် သက်ဆိုင်သူများအနေဖြင့်လည်း ယာယီအားဖြင့် အပစ်အခတ် ရပ်စဲထားခြင်းအပေါ် အလေးထားစဉ်းစားပြီး လိုက်နာဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ၌လည်း လက်ရှိကြုံတွေ့နေရသည့် ဘေးအန္တရာယ်များ အပြင် နောင်ဖြစ်လာနိုင်ခြေ ရှိသည့် ဘေးအန္တရာယ်များ အတွက်ပါ ကြိုတင်ထည့်သွင်း စဉ်းစားပြီး သတ်မှတ် စံချိန်စံညွှန်းများနှင့် အညီ အနာဂတ်အတွက် တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ သဘာဝဘေး အန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းများတွင် အစကောင်းမှ အနှောင်းသေချာဆိုသကဲ့သို့ မူလကတည်းက ထိထိရောက်ရောက် ကြိုတင်စီမံ ဆောင်ရွက်ခဲ့မည်ဆိုပါက သဘာဝဘေးကြောင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် သုံးစွဲရသည့် ကုန်ကျစရိတ်ထက် ခုနစ်ဆခန့် လျော့နည်းသက်သာစေနိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ၏ကြံ့ကြံ့ခံနိုင်ရည်ကို မြှင့်တင်ပေးနိုင်ရုံသာမက သဘာဝဘေးကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားဖွံ့ဖြိုးတိုးတက်မှုများ မဆုံးရှုံးစေရေး အတွက်ကိုပါ အကျိုးရှိစေမည် ဆိုသည်ကို အသိပေးလိုကြောင်း။

ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မြန်ဆန်ထိရောက်အောင်မြင်နိုင်မည်

နိုင်ငံတော် အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိရောက် အောင်မြင် စွာ ဆောင်ရွက်နိုင်ရေး ရေတိုရေရှည် အစီအမံများချမှတ်ပြီး မူလအခြေအနေထက် ပိုမိုသာလွန်ကောင်းမွန်သည့် ပြန်လည်ထူထောင်မှုဖြစ်စေရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ ချန်လှပ်မှု မရှိစေရေးတို့ကို ဦးတည်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊

စာမျက်နှာ ၅ သို့ ✪

★ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ၌လည်း လက်ရှိကြုံတွေ့နေရသည့်ဘေးအန္တရာယ်များအပြင် နောင်ဖြစ်လာနိုင်ခြေရှိသည့် ဘေးအန္တရာယ်များအတွက်ပါ ကြိုတင်ထည့်သွင်း စဉ်းစားပြီး သတ်မှတ် စံချိန်စံညွှန်းများနှင့် အညီ အနာဂတ်အတွက် တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ကြရမည်

★ သဘာဝဘေး ကြိုတင်ကာကွယ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ၏ ကြံ့ကြံ့ခံနိုင်ရည်ကို မြှင့်တင်ပေးနိုင်ရုံသာမက သဘာဝဘေးကြောင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားဖွံ့ဖြိုးတိုးတက်မှုများ မဆုံးရှုံးစေရေးအတွက်ကိုပါ အကျိုးရှိစေမည်ဆိုသည်ကို အသိပေးလို

❂ စာမျက်နှာ ၄ မှ

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏အင်အားတစ်ခုတည်းဖြင့် ဆောင်ရွက်ရန် အကန့်အသတ်များရှိသောကြောင့် ယခုကဲ့သို့ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြမှသာ လျှောင်ဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မြန်မြန်ဆန်ဆန်နှင့် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ဧပြီ ၁ ရက်နေ့ ပထမအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပြည်တွင်း၊ ပြည်ပ စေတနာရှင် အလှူရှင်များက ငွေကျပ် ၁၁၂ ဒသမ ၈၇ ဘီလီယံ၊ အလှူပစ္စည်းတန်ဖိုး ၁၂ ဒသမ ၄ ဘီလီယံ စုစုပေါင်းငွေကျပ် ၁၂၅ ဒသမ ၂၇ ဘီလီယံ လှူဒါန်းခဲ့ကြကြောင်း၊ မိမိတို့ မြန်မာလူမျိုးများသည် ကိုယ်ချင်းစာတရားကြီးမားကြသူများဖြစ်ပြီး ဆင်းရဲဒုက္ခကို ထပ်တူထပ်မျှခံစားကာ အမြဲရိုင်းပင်းကူညီတတ်ကြသူများဖြစ်



ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် စေတနာရှင်၊ အလှူရှင်များအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းထံ စေတနာရှင်၊ အလှူရှင်များက အလှူငွေ ပေးအပ်လှူဒါန်းစဉ်။

ကြောင်း၊ ထို့ပြင် အလှူအတန်းတွင်လည်း ရက်ရက်ရောရော ပေးကမ်းလှူဒါန်းလေ့ရှိသူများဖြစ်ကြောင်း။

ပြည်တွင်း၊ ပြည်ပမှ အားတက်သရော ထောက်ပံ့လှူဒါန်းပေးကြသည့် စေတနာရှင်များ၊ အလှူရှင်နိုင်ငံများ၊ အဖွဲ့အစည်းများ၊ တစ်ဦးချင်းလူပုဂ္ဂိုလ်များအားလုံးနှင့် ပူးပေါင်းပါဝင်လက်တွဲဆောင်ရွက်မှုများသည် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်မှုများအပေါ်များစွာ အထောက်အကူဖြစ်စေကြောင်း၊ ချစ်ကြည်ရင်းနှီးမှုနှင့် ဘေးသင့်သူများအတွက် စိတ်ခွန်အားများကိုပါ ရရှိစေခဲ့ကြောင်း၊ ထို့ကြောင့် အလှူရှင်များအားလုံးကို နိုင်ငံတော်နှင့် လျှောင်ဘေးသင့်သူများကိုယ်စား ကျေးဇူးတင်ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်

**❖ နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ရေတိုရေရှည်အစီအမံများ ချမှတ်ပြီး မူလအခြေအနေထက် ပိုမိုသာလွန်ကောင်းမွန်သည့် ပြန်လည်ထူထောင်မှုဖြစ်စေရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ ချန်လှပ်မှုမရှိစေရေးတို့ကို ဦးတည်ဆောင်ရွက်ပေးသွားမည်**

**❖ နိုင်ငံတော်အစိုးရ၏ အင်အားတစ်ခုတည်းဖြင့်ဆောင်ရွက်ရန် အကန့်အသတ်များရှိသောကြောင့် ယခုကဲ့သို့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ လျှောင်ဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မြန်မြန်ဆန်ဆန်နှင့် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည်**

များ၊ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များ၊ တက်ရောက်လာကြသူများသည် “မြေငလျင်ဘေးဒဏ် ပြန်လည်ထူထောင်ရေးနှင့် မြန်မာနိုင်ငံသားတို့၏ စွမ်းရည်၊ မွန်မြတ်သည့် ဂုဏ်ဒြပ်” မှတ်တမ်း ဗီဒီယိုကို အတူတကွ ကြည့်ရှုကြသည်။

### အလှူငွေများလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်

ထို့နောက် မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ လာအိုနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့မှ သံအမတ်ကြီးများ၊ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်ပြီး စေတနာရှင် အလှူရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများက အလှူငွေများ ဆက်လက်ပေးအပ်လှူဒါန်းကြရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ကောင်စီဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတနာရှင် အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့ နေပြည်တော်တွင် ကျင်းပပြုလုပ်သည့် မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် လှူဒါန်းမှုအနေဖြင့် အိမ်ခန်း ၁၆ ခန်းပါ လေးခန်းတွဲ လေးထပ်တိုက်အဆောက်အအုံ တစ်လုံးလျှင် ငွေကျပ်သိန်း ၂၀၀၀၀ နှုန်းဖြင့် အလုံးပေါင်း ၅၁ လုံး အပါအဝင် စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၃၁ ဒသမ ၅၃ ဘီလီယံနှင့် အမေရိကန်ဒေါ်လာ ၂၃၁၄၉၀၀ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ အကြီးအကဲဖြစ်သူ Mr. Sajjad Mohammad Sajid အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၉

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ထမ်းဆောင်မှု ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA)၏ အကြီးအကဲဖြစ်သူ Mr. Sajjad Mohammad Sajid အား ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် Mr. Sajjad Mohammad Sajid အနေဖြင့် မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း မြန်မာနိုင်ငံနှင့် UNOCHA တို့အကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် UNOCHA မှ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

သတင်းစဉ်



ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံရှိ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး(UNOCHA)၏ အကြီးအကဲဖြစ်သူ Mr. Sajjad Mohammad Sajid အား လက်ခံတွေ့ဆုံစဉ်။

# ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၉

"ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၅)"ကို ယနေ့နံနက် ၉ နာရီခွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) နေပြည်တော်၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများသည် သဘောသဘာဝမတူညီကြသည့်အတွက် သဘာဝဘေးအမျိုးအစားအပေါ်မူတည်၍ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုများ မတူညီနိုင်ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ငလျင်ကြောင့် ကိုယ်လက်အင်္ဂါ ထိခိုက်ဆုံးရှုံးသူများအတွက် အရည်အသွေးကောင်းမွန်သော အစားထိုးခြေတုနှင့် လက်တုများ တပ်ဆင်ပေးနိုင်ရေး အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုအခါ ငလျင်ကြီးဖြစ်စဉ်ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေချိန်ဖြစ်ပြီး မိုးရာသီကာလသို့လည်း ရောက်ရှိနေပြီဖြစ်သဖြင့် မိုးရာသီတွင် ဖြစ်ပွားနိုင်သော သဘာဝဘေးအန္တရာယ်များ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများအပါအဝင် ကူးစက်ရောဂါများနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများအတွက် ကျန်းမာရေးကဏ္ဍ ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက အသုံးပြုနိုင်ရေးအတွက် ဆေးနှင့် ဆေးပစ္စည်းများကို စနစ်တကျ စုဆောင်းထားရှိပြီး အရေးပေါ်ဆေးရုံများ တည်ဆောက်ရေးအတွက် လိုအပ်သည့်ပစ္စည်းများနှင့် ရွှေ့လျားခွဲစိတ်ခန်းများကိုလည်း ကြိုတင်ပို့ဆောင်ထားရှိရန်ဆောင်ရွက်လျက်ရှိရာ နီးနွယ်ဌာနဆိုင်ရာများက လိုအပ်သည်များ ပံ့ပိုးပေးစေလိုပါကြောင်း ပြောကြားသည်။



ဆက်လက်၍ လုပ်ငန်းကော်မတီ၏ လုပ်ငန်းများဆောင်ရွက်ခဲ့မှုနှင့် ရှေ့လုပ်ငန်းစဉ်များအား ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက တင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု၊ ပူးပေါင်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို တင်ပြဆွေးနွေးခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဆွေးနွေးအကြံပြုမှုများ ဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်းနှင့် အစည်းအဝေးသို့ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ နီးနွယ်ဝန်ကြီးဌာနများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ (၄၅)ကြိမ်မြောက် အစည်းအဝေးတွင် ပိုးသတ်ဆေးအမျိုးပေါင်း ၁၈၅ မျိုး အတည်ပြုပေးနိုင်ရေး စိစစ်ဆွေးနွေး

နေပြည်တော် မေ ၂၉

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ (၄၅)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ရှုထောင့်မျိုးစုံမှ သုံးသပ်**

အစည်းအဝေးတွင် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က တိုင်းပြည်၏ အဓိကစားသုံးသီးနှံများနှင့် ပြည်ပပို့ကုန်သီးနှံများ အထွက်နှုန်းတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် အထွက်နှုန်းတိုးတက်စေရန် အထောက်အကူပြုသော သွင်းအားစုတစ်ခုဖြစ်သည့် ပိုးသတ်ဆေးသုံးစွဲရာ၌ အရည်အသွေးပြည့်မီပြီး အန္တရာယ်ကင်းသော ပိုးသတ်ဆေးများ ထိရောက်စွာ အသုံးပြုနိုင်ရန် ပိုးသတ်ဆေးမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း လုပ်ငန်းစဉ်များကို ပိုမိုစနစ်တကျ ကောင်းမွန်စေရန် ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များ ပြည်ပသို့ တင်ပို့ရာတွင် ပိုးသတ်ဆေး ခါတ်ကြွင်းများ စစ်ဆေးတွေ့ရှိမှုပြဿနာ ဖြစ်ပွားမှုများပြားလာခြင်းကြောင့် မိမိတို့နိုင်ငံ၏ ကုန်သွယ်မှု အခွင့်အလမ်းများ လျော့ကျလာနိုင်သဖြင့် ပိုးသတ်ဆေးအမျိုးအစား တစ်မျိုးချင်းစီအပေါ်၌ ရှုထောင့်မျိုးစုံမှ ပြန်လည်သုံးသပ်ပြီး ခါတ်ကြွင်းများကြောင့် ထိခိုက်မှုမရှိစေရေးနှင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းစင်ရေးအတွက် မှတ်ပုံတင်အဖွဲ့ဝင်များအနေဖြင့် ပိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း။

ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုအတွက် ပိုးသတ်ဆေးဖျန်း၍ ပိုးနှိမ်နင်းခြင်းသည် အဖြေမဟုတ်ဘဲ ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိသည့် သီးနှံမျိုးကို မျိုးစပ်ရွေးချယ်ခြင်း၊ စိုက်ပျိုးခြင်းအပြင် ပိုးမွှားရောဂါကျရောက်မှုကို တောင်သူလယ်သမားများ ကိုယ်တိုင်ပါဝင်သော ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းမှုကို လိုင်းအသွင်ဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ဆက်လက်၍ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အတွင်းရေးမှူးက (၄၅)ကြိမ်မြောက် အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုပေးရမည့် ပိုးသတ်ဆေးမှတ်ပုံတင်ခွင့် တင်ပြစာများအား တင်ပြရာ အစည်းအဝေးက လုပ်ငန်းစာတွဲတစ်ခုချင်းအပေါ် စိစစ်ဆွေးနွေးခဲ့ကြသည်။

ပိုးသတ်ဆေး မှတ်ပုံတင်ခြင်းလုပ်ငန်းများ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေး အတွက် Manual မှ Online(Myanmar Agricultural Import Registration System(MAIRS) Online System စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ အစည်းအဝေးများကို ၁၉၉၃ ခုနှစ်မှစတင်၍ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိ ကျင်းပခဲ့ရာ (၄၄)ကြိမ်မြောက် အစည်းအဝေးပြီးဆုံးသည့် ကာလအထိ ပိုးသတ်ဆေး စုစုပေါင်း ၄၃၉၃ မျိုးကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် (၄၅)ကြိမ်မြောက် အစည်းအဝေးတွင် ပိုးသတ်ဆေး အမျိုးပေါင်း ၁၈၅ မျိုးကို အတည်ပြုပေးနိုင်ရေး စိစစ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၉

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သောတပန်ရပ်ကွက်နှင့် နန်းဦးမြို့သစ်တို့ရှိ ဘုရားစေတီပုထိုးများနှင့် သာသနိကအဆောက်အအုံအပျက်အစီးများကို မိုးမကျမီ ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် စက်ယန္တရားအင်အားများတိုးချဲ့၍ အရှိန်အဟုန်မြှင့်ဖယ်ရှားရှင်းလင်းနေမှုများ၊ အဖွဲ့အစည်းအသီးသီးက လုပ်အားပေးရှင်းလင်းဖယ်ရှားနေမှုများနှင့် ပြန်လည်ပြုပြင်မွမ်းမံနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်တာဝါတိုင်စခန်းသို့သွားရောက်၍ တာဝါတိုင်ကြွခိုင်မှု၊ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ ငလျင်ဒဏ်သင့် နေအိမ်အဆောက်အအုံအပျက်အစီးများကို မိုးမကျမီဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် စက်ယန္တရားအင်အားများတိုးချဲ့၍ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများကို



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် အမရပူရမြို့နယ် ဆုတောင်းပြည့်မြတ်စွာဘုရား၌ ပြိုကျပျက်စီးနေသည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့ အမှတ်(၃) ရပ်ကွက်ရှိ သမိုင်းဝင်ဆုတောင်းပြည့်ပေါင်းလဲကြီး(မဟာရွှေသာလျောင်း) မြတ်စွာဘုရားနှင့် နဂါးရုံဘုရားတို့၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သောအပျက်အစီးများအား ဖယ်ရှားရှင်းလင်းပြီးစီးမှု၊ ရှေးဟောင်းစေတီအပျက်အစီးများအား ဖယ်ရှားရှင်းလင်းရာမှ ရှာဖွေတွေ့ရှိရသော ဌာပနာတော်များ ထိန်းသိမ်းထားရှိမှုတို့ကို သွားရောက်ကြည့်ရှု၍ အလှူငွေပေးအပ်လှူဒါန်းကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မဟာအောင်မြေမြို့နယ်အတွင်းရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံများအား ဖြိုချပြီး အပျက်အစီးများ အပြီးသတ်ရှင်းလင်းနေမှု၊ ဖြိုချဖျက်ဆီးဆဲအန္တရာယ်ရှိ အဆောက်အအုံများ၌ စက်ယန္တရားကြီးများ အသုံးပြု၍ အင်တိုက်အားတိုက် ရှင်းလင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့တူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် နန်းမြို့ရိုးသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော လွှန်ကဲတံခါး၊ ပြာသာဒ်နေရာများနှင့် ကျုံး၏ အရှေ့တောင်ထောင့်ရှိ ငလျင်ဒဏ်ကြောင့် မြေအောက်သို့ နိမ့်ဝင်သွားသောနတ်ကွန်းအား ပြန်လည်မတင်ခြင်းလုပ်ငန်းများ၊ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်၊ အမရပူရမြို့နယ် မှန်တန်းရပ်၊ ကွမ်းသီးတန်းရပ်နှင့် ချမ်းအေးသာစံမြို့နယ် အောင်နန်းအနောက်ရပ်တို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသောအပျက်အစီးများအား ရှင်းလင်းဖယ်ရှားနေမှုများကိုကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ ဘောဂဝတီရပ်ကွက်ရှိ မဟာဂန္ဓာရုံကျောင်း၌ မုခ်ဦးပြုပြင်နေမှုများ၊ စာချကိုယ်တော်များအတွက် ကျောင်းဆောင်နှင့် ဆွမ်းစားဆောင်ကြမ်းခင်းများ ပြုပြင်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လုပ်အားပေးဆောင်ရွက်နေသူများအား စားသောက်ဖွယ်ရာများပေးအပ်ပြီး ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကျောက်ဆည်မြို့ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ(မြင်စိုင်း) ကျောင်းဝင်းအတွင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု၊ အင်ရောင်းကျေးရွာရှိ အင်ရောင်းဆေးဝါးစက်ရုံတွင် ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးမှုနှင့် ပြန်လည်ပြုပြင်နေမှု၊ မင်းစုကျေးရွာရှိ အိမ်သုံးစတီးပစ္စည်းစက်ရုံ(မင်းစု)တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများနှင့် စက်ရုံလုပ်ငန်းများ ပြန်လည်လည်ပတ်နေမှု၊ စဉ့်ကိုင်မြို့နယ် ညောင်ပြကျေးရွာအုပ်စု မကွရာကျေးရွာ မကွရာရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီတော်ကြီးများ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မေ ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Maypwint Phyu" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် မြို့မ အပိုင်း(၄)ရပ်ကွက်နေ မေပွင့်ဖြူ(ခ) မိုက်အား မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ဒလမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## MNL (U-21) Youth League **အမှတ်ပေးဘောလုံးပြိုင်ပွဲ (Week-6)တွင် အမှတ်ပေးဇယား ထိပ်ဆုံးလေးသင်း ထိပ်တိုက်တွေ့ဆုံ**



**ရန်ကုန် မေ ၂၉**

MNL (U-21) Youth League 2025 အမှတ်ပေးဘောလုံးပြိုင်ပွဲ Week-6 ပွဲစဉ်များကို လာမည့် မေ ၃၀၊ ၃၁၊ ဇွန် ၁၊ ၂ ရက်များတွင် ဆက်လက်ကစားမည်ဖြစ်ပြီး ယခုတစ်ပတ်တွင် အမှတ်ပေးဇယားထိပ်ဆုံးတွင် ရပ်တည်နေကြသည့် ISPE အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း၊ Junior Lions အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေကြသည်။

မေ ၃၀ ရက်၊ ညနေ ၃နာရီခွဲ၊ တောင်ဒဂုံကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံပေါ့အသင်း၊ ပဒုမ္မာကွင်းတွင် ဧရာဝတီယူနိုက်တက်အသင်းနှင့် ရာမညယူနိုက်တက် အသင်း၊ မေ ၃၁ ရက်၊ ညနေ သုံးနာရီခွဲ၊ တောင်ဒဂုံကွင်းတွင် မဟာယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ ပဒုမ္မာကွင်းတွင် ISPEအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ကစားကြမည်ဖြစ်သည်။

ဇွန် ၁ ရက်၊ ညနေ ၃နာရီခွဲ၊ တောင်ဒဂုံကွင်းတွင် Junior Lions အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ ပဒုမ္မာကွင်းတွင် ရတနာပုံအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ကစားကြမည်ဖြစ်ပြီး ဇွန် ၂ ရက်၊ ညနေ ၃နာရီခွဲ ပဒုမ္မာကွင်းတွင် သစ္စာအားမာန်အသင်းနှင့် Falcon အသင်းတို့ အသီးသီးကစားကြမည်ဖြစ်သည်။

(NGB)

## AFC Grassroots Football Day 2025 **အခမ်းအနား ကျင်းပ**

**ရန်ကုန် မေ ၂၉**

AFC Grassroots Football Day 2025 အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက သုဝဏ္ဏကွင်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ နည်းပြဆရာများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး တာဝန်ရှိသူများက ကွင်းအတွင်း ဘောလုံးများကန်သွင်းကာ AFC Grassroots Football Day 2025 အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် နည်းပြဆရာများက အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများကို အခြေခံဘောလုံးပညာများ သင်ကြားပေးခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

(NGB)



## ၂၀၂၆ ခုနှစ်အတွက် အသုံးစရိတ် ဘတ်ထရီလီယံ ၃ ဒသမ ၇၈ ချထားပေးရန် ထိုင်းဝန်ကြီးချုပ် ပေတွန်တန် ရှီနာဝါထရာ ပါလီမန်သို့ တင်ပြမည်

**ဘန်ကောက် မေ ၂၉**

ထိုင်းဝန်ကြီးချုပ် ပေတွန်တန် ရှီနာဝါထရာသည် ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အသုံးစရိတ် ဘတ်ထရီလီယံ ၃ ဒသမ ၇၈ (အမေရိကန်ဒေါ်လာ ၁၁၅ ဒသမ ၅ ဘီလီယံ) ချထားပေးရန် ပါလီမန်သို့ မေ ၂၈ ရက်တွင် တင်ပြမည်ဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ အသုံးစရိတ်အဆိုတင်သွင်းမှုကို လာမည့် ၄ ရက်အတွင်း ထိုင်းပါလီမန်တွင် အချေအတင်ဆွေးနွေးမည်ဖြစ်ပြီး စက်တင်ဘာလကုန်တွင် ပြီးဆုံးခဲ့သော ၂၀၂၅ ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက အသုံးစရိတ် ၀ ဒသမ ၇ ရာခိုင်နှုန်းတိုးလာကာ ဘတ်ဂျက်လိုငွေပြမှု ၀ ဒသမ ၇ ရာခိုင်နှုန်းလျော့ကျပြီး ၈၆၀ ဘီလီယံဘတ် (ဂျီဒီပီ၏ ၄ ဒသမ ၃ ရာခိုင်နှုန်း) အထိရှိမည်ဟု ခန့်မှန်းထားသည်။

"လိုငွေပြအသုံးစရိတ်မူဝါဒသည် စီးပွားရေးတည်ငြိမ်မှုကို ထိန်းသိမ်းရန်၊ ပြန်လည်နာလန်ထူရေးနှင့် သင့်တင့်သောကြီးထွားမှုကို အားပေးရန်ရည်ရွယ်သည်" ဟု အဆိုပါအသုံးစရိတ်အဆိုပြုလွှာတွင် တင်ပြထားသည်။

၂၀၂၅ နှင့် ၂၀၂၆ ခုနှစ်များအတွက် ထိုင်းစီးပွားရေးတိုးတက်မှုနှုန်း ၂ ဒသမ ၃ ရာခိုင်နှုန်းမှ ၃ ဒသမ ၃ ရာခိုင်နှုန်းအထိ၊ ငွေကြေးဖောင်းပွမှုနှုန်း ၀ ဒသမ ၅ ရာခိုင်နှုန်းမှ ၁ ဒသမ ၅ ရာခိုင်နှုန်းအထိရှိမည်ဟု ခန့်မှန်းထားသည်။

ယခင်နှစ်က ထိုင်းစီးပွားရေးသည် ၂ ဒသမ ၅ ရာခိုင်နှုန်းသာကြီးထွားခဲ့ပြီး အခြားအိမ်နီးချင်းနိုင်ငံအချို့နှင့် နှိုင်းယှဉ်ပါက နိမ့်ကျခဲ့ကြောင်း သိရသည်။

Mon



ဂါဇာကမ်းမြောင်ဒေသ အမြဲတမ်း အပစ်အခတ်ရပ်စဲရေးအတွက် မေ ၂၈ ရက်က ပုပ်ရဟန်းမင်းကြီး လီယို တောင်းဆိုနေစဉ်။ Mon


## ပြင်သစ်သမ္မတ မာခရွန်နှင့် အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီယန်တို ဂျကာတာတွင်တွေ့ဆုံ၊ ကာကွယ်ရေးကဏ္ဍဆက်ဆံရေး ဆွေးနွေး

**ဂျကာတာ မေ ၂၉**

ပြင်သစ်သမ္မတ အီမန်နျူယယ် မာခရွန်သည် အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီယန်တိုနှင့် ဂျကာတာမြို့တော်တွင် မေ ၂၈ ရက် ညနေပိုင်းတွင် တွေ့ဆုံကာ အရှေ့တောင်အာရှတွင် ပြင်သစ်၏ အကြီးဆုံးလက်နက်ဝယ်ယူသောနိုင်ငံနှင့် ကာကွယ်ရေးကဏ္ဍဆက်ဆံရေးခိုင်မာစေရန် ဆွေးနွေးခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အင်ဒိုနီးရှားသည် မာခရွန်ထွက်ခွာလာသော ဒေသတွင်း ခရီးစဉ်၏ ဒုတိယမြောက်နိုင်ငံဖြစ်ပြီး ဗီယက်နမ်တွင်မူ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော်တန် သဘောတူညီချက်များကို ၄င်းလက်မှတ်ရေးထိုးခဲ့သည်။

အင်ဒိုနီးရှား ကာကွယ်ရေးဝန်ကြီး ရှာဖရီ ရှမ်ဆူဒင်းက ပြင်သစ်သမ္မတ မာခရွန်အား အင်္ဂါနေ့ညက ကြိုဆိုခဲ့ပြီး နိုင်ငံနှစ်ခုသည် "နည်းဗျူဟာမြောက် စစ်သုံးပစ္စည်းများ" တွင် ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။





နှစ်နိုင်ငံခေါင်းဆောင်များ လက်ရှိနည်းဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကိုစွ ဆွေးနွေးမည်ဟု အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

Mon

## INTERNATIONAL NEWS

## နိုင်ငံတကာသတင်းများ

## ဟားမတ်စ်ခေါင်းဆောင် မိုဟာမက် ဆင်ဝါအား သုတ်သင်လိုက်ပြီဟု အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နက်တန်ယာဟုက အတည်ပြု

**ဂျေရုဆလင် မေ ၂၉**

အစ္စရေးတပ်ဖွဲ့ဝင်များက ဟားမတ်စ်အုပ်စု၏ ဂါဇာခရိုင်ခေါင်းဆောင် မိုဟာမက် ဆင်ဝါအား သုတ်သင်ရှင်းလင်းလိုက်ပြီဟု အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နက်တန်ယာဟုက မေ ၂၈ ရက်တွင် အတည်ပြုကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

၄င်းသည် အစ္စရေးဘက်က အလိုအပ်ဆုံး လူစာရင်းဝင်ဖြစ်ကာ ဟားမတ်စ်အဖွဲ့၏ ခေါင်းဆောင်ဟောင်း ယာယာ ဆင်ဝါ၏ ညီတော်စပ်သည်။

မိုဟာမက် ဆင်ဝါသည် မကြာသေးမီက ခန်းယူနစ်မြို့တောင်ပိုင်းရှိ ဥရောပဆေးရုံကြီး၏ ဝင်းအတွင်းနှင့် အနီးတစ်ဝိုက်တွင် အစ္စရေး၏ ကြီးမားသော လေကြောင်းတိုက်ခိုက်မှု၏ ပစ်မှတ်ဖြစ်ခဲ့ပြီး အစ္စရေးတပ်ဖွဲ့ဝင်များ ထိုစဉ်က ဟားမတ်စ်တို့၏ မြေအောက်အခြေစိုက်စခန်းကို ဖြို့ခွင်းနိုင်ခဲ့သည်။

ဟားမတ်စ်အုပ်ချုပ်သော ဂါဇာပြည်သူ့ကာကွယ်ရေး အေဂျင်စီက လူ ၂၈ ဦး သေဆုံးခဲ့သည်ဟု ဆိုသော်လည်း ဟားမတ်စ်အဖွဲ့ကိုယ်တိုင်မှာမူ မိုဟာမက်ဆင်ဝါ သေဆုံးသည်ကို အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်း မပြုသေးကြောင်း သိရသည်။

Mon



## ဘာ့ဂ်ျရေခဲမြစ် ချိုင့်ဝှမ်းထဲသို့ ပြိုကျဝင်ရောက်လာမှုကြောင့် ဆွစ်ဇာလန်ရှိ ဘလတ်တန်ကျေးရွာ အစိတ်စိတ်အမြွာမြွာ ပျက်စီးခဲ့

**ဂျီနီဗာ မေ ၂၉**

ဘာ့ဂ်ျရေခဲမြစ် ချိုင့်ဝှမ်းထဲသို့ ပြိုကျဝင်ရောက်လာမှုကြောင့် ဆွစ်ဇာလန်နိုင်ငံရှိ ဘလတ်တန်ကျေးရွာ ယမန်နေ့က အစိတ်စိတ်အမြွာမြွာ ပျက်စီးခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ထိုရေခဲမြစ် ပြိုကျလာမည်ကို စိုးရိမ်ရသဖြင့် အဆိုပါကျေးရွာမှ ဒေသခံများကို ရက်အနည်းငယ်ကြိုတင်၍ ရွှေ့ပြောင်းစေခဲ့သော်လည်း အခင်းဖြစ်ပြီးနောက် လူတစ်ဦးပျောက်ဆုံးနေပြီး အိမ်များစွာ လုံးဝပြားချပ်သွားခဲ့သည်။

ဒေသခံအာဏာပိုင်များက ဆွစ်တပ်မတော်၏ ဘေးအန္တရာယ်ကူညီရေးဌာနထံမှ အကူအညီတောင်းခံထားပြီး ဆွစ်ဇာလန်အစိုးရအဖွဲ့ဝင်များလည်း အခင်းဖြစ်နေရာသို့ သွားရောက်နေပြီဖြစ်ကြောင်း သိရသည်။ Mon

## အာရှအစုရှယ်ယာများ ဝေါလ်စထရီဈေးကွက်တွင် ဈေးနှုန်းမြင့်တက်လာ

**တိုကျို မေ ၂၉**

မေ ၂၉ ရက်က အာရှအစုရှယ်ယာများ ဝေါလ်စထရီဈေးကွက်တွင် ဈေးနှုန်းမြင့်တက်လာခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်ရှိ စီးပွားရေးအခြေအနေကောင်းမွန်မည့် အရိပ်အမြွက်များနှင့် နည်းပညာလုပ်ငန်းများ၏ အမြတ်ငွေ မြင့်မားမည်ဟု ခန့်မှန်းချက်များကြောင့် ဒေါ်လာဈေးနှုန်းများလည်း ဆက်လက်မြင့်တက်နေသည်။

အမေရိကန်နှင့် ဥရောပကြား ကုန်သွယ်ရေးတင်းမာမှုများ လျော့ပါးလာသည်ဟု ထင်ရသည့် အချက်နှင့် ကမ္ဘာ့ငွေကြေးဈေးကွက်များတွင် ရေရှည်အတိုးနှုန်းများ မြင့်တက်မှုကြောင့် ဖြစ်ပေါ်ခဲ့သော ကြောက်ရွံ့မှုများ ငြိမ်သက်သွားကာ အာရှအစုရှယ်ယာများ ဈေးတက်လာခြင်းဖြစ်ကြောင်း သိရသည်။

Mon

## ထရမ့်ဦးဆောင်သော အမေရိကန်အစိုးရအဖွဲ့မှ နုတ်ထွက်လိုက်ပြီဟု အီလွန်မတ်စ် အတည်ပြုပြီး ထရမ့်ကို ကျေးဇူးတင်စကား ပြောကြား

**ဝါရှင်တန် မေ ၂၉**

သမ္မတ ဒေါနယ်လ်ထရမ့်ဦးဆောင်သော အမေရိကန်အစိုးရအဖွဲ့မှ နုတ်ထွက်လိုက်ပြီဟု မေ ၂၉ ရက်တွင် အီလွန်မတ်စ်က အတည်ပြုပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



မတ်စ်သည် ယခုနှစ်အတွင်း အသစ်စတင်ဖွဲ့စည်းခဲ့သော အစိုးရထိရောက်မှုဌာနကို ဦးဆောင်ရန် ကူညီပေးခဲ့သည်။

၄င်းကို အထူးအစိုးရဝန်ထမ်းအဖြစ် သတ်မှတ်ခဲ့ပြီး နှစ်စဉ်ရက်ပေါင်း ၁၃၀ အစိုးရအလုပ်လုပ်ကိုင်ခွင့်ပေးထားသည်။ ယင်းသတ်မှတ်ကာလသည် ဇန်နဝါရီ ၂၀ ရက်တွင် ထရမ့်ရာထူးတက်သည့်နေ့မှ စတင်ရေတွက်ပါက မေလကုန်တွင် အဆိုပါအချိန်ကန့်သတ်ချက်ကို ပြည့်မြောက်မည်ဖြစ်သည်။

ထရမ့်ကို ကျေးဇူးတင်သည်ဟု မတ်စ်က အိတ်စ်လူမှုကွန်ရက်ပေါ်တွင် ရေးသားခဲ့ပြီး ကုန်ကျစရိတ်သက်သာရေးဌာနသည် "အစိုးရတစ်ဖွဲ့လုံးတွင် နေထိုင်မှုပုံစံတစ်ခု" ဖြစ်လာမည်ဟု ယုံကြည်ကြောင်း ၄င်းက ထည့်သွင်းဖော်ပြသည်။

"အထူးအစိုးရဝန်ထမ်းအဖြစ် ကျွန်ုပ်၏ တာဝန်ထမ်းဆောင်ရမည့် အချိန်ကာလ ကုန်ဆုံးတော့မည်ဖြစ်ရာ သမ္မတကြီးအား အကျိုးမဲ့အသုံးစရိတ်များ လျှော့ချနိုင်ရန် အခွင့်အလမ်းပေးခဲ့သည့်အတွက် ကျေးဇူးတင်ပါသည်" ဟု မတ်စ်က ရေးသားခဲ့ကြောင်း သိရသည်။

Mon





## တောမကျေးရွာ၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲ ကျင်းပ

**မိတ္ထီလာ မေ ၂၉**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အကြို လှုပ်ရှားမှုအဖြစ် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်သော အသိပညာပေးဟောပြောပွဲကို မိတ္ထီလာမြို့နယ်၊ တောမကျေးရွာအုပ်စု၊ တောမကျေးရွာ၌ မေ ၂၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာက ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် ကမ္ဘာ့တစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခေါင်းစဉ်ဖြင့် ပလတ်စတစ်အမှိုက်ညစ်ညမ်းမှုကင်းစင်ရေးအတွက် ကျေးရွာဒေသခံပြည်သူများအနေဖြင့် ပလတ်စတစ်သုံးစွဲမှုကို လျှော့ချရှောင်ကြဉ်ရေး၊ ပလတ်စတစ်အမှိုက်များ၏ ဆိုးကျိုးများ၊ ပလတ်စတစ်အမှိုက်ကင်းစင်စေဖို့ ဆောင်ရွက်ရာတွင် အားလုံးပူးပေါင်းဆောင်ရွက်ရန် တာဝန်ကိုယ်စီရှိကြကြောင်း စသည်ဖြင့် အသိပညာပေးဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာဒေသခံပြည်သူများအား အသိပညာပေးလက်ကမ်းစာစောင်များကို ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနဝန်ထမ်းများက ဖြန့်ဝေပေးသည်။ အဆိုပါ အသိပညာပေးဟောပြောပွဲတွင် တက်ရောက်လာကြသူများအား ကမ္ဘာ့ဝန်းကျင်ထိန်းသိမ်းရေးနေ့နှင့် ပလတ်စတစ်ညစ်ညမ်းမှုဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းမေးခွန်းများကို မေးမြန်းပြီး အဖြေမှန်ဖြေဆိုနိုင်သူများအား အမှတ်တရဂုဏ်ပြုလက်ဆောင်များကို လက်ထောက်ညွှန်ကြားရေးမှူးက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၄၅၃)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ ဆေးဝါးများ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ စားသောက်ကုန်ပစ္စည်းများ လိုင်စင်မဲ့ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၉**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

မေ ၂၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လေယာဉ်ခရီးစဉ်အမှတ် MU 2031/SF-5044 ဖြင့် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် တရုတ်နိုင်ငံသားခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၂၇ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဝိုင်းမော်မြို့နယ်၊ မိုင်းနားကျေးရွာအနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းရှိသည့်လုပ်ငန်းသုံးပစ္စည်း တစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ်၊ Zone Diesel Truck တစ်စီး၊ Faw Tractor Head တစ်စီးနှင့်နောက် တွဲယာဉ်တစ်တွဲကိုလည်းကောင်း၊ ဗလမင်းထင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းပစ္စည်းများ တင်ဆောင်လာသည့် Hoyun Truck တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုးကို ယစ်မျိုးဥပဒေအရလည်းကောင်း၊ လိုင်စင်မဲ့ယာဉ်တစ်စီးတို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တရားမဝင်စက်သုံးဆီ၊ ဒီဇယ်ဆီခြောက်ပီပါကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟိုပုံးမြို့နယ် မိုင်းပွန်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ဖာလိုင်ဘုန်းတော်ကြီးကျောင်း၊ အနောက်ဘက်ရှောင်ကွမ်းလမ်းအနီးတို့၌ ယာဉ် ၁၂ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၆ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် ယာဉ် ၁၂ စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၂၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ် ရတနာပုံတံတား(နှာပေါက်)ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၁၅ ပီပါကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ ပြင်ဦးလွင်မြို့နယ်နှင့်အောင်မြေသာစံမြို့နယ်တို့၌ တရားမဝင်ကျွန်းသစ် ၆ ဒသမ ၉၀၆ တန်၊ အခြားသစ် ၁၀ ဒသမ ၈၉၁ တန်ကို သစ်တောဥပဒေအရလည်းကောင်း ရန်ကုန်-မန္တလေးလမ်းဟောင်း ပလိပ်မြို့အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus တစ်စီးနှင့် မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းရှစ်မျိုး၊အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Scania Bus တစ်စီးတို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။



တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုးပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## မိုးများ၍ သစ်ပင်ကြီးအချို့ ပြိုလဲမှုရှင်းလင်း

**မုံရွာ မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် မိုးများခြင်းကြောင့် ကျွဲကြီးရပ်ကွက်နှင့် ဒေါနခြံရပ်ကွက်တို့တွင် သစ်ပင်ကြီးများ ပြိုလဲခဲ့ရာ မေ ၂၈ ရက် နံနက်ပိုင်းက မုံရွာမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ရှင်းလင်းဆောင်ရွက်ခဲ့သည်။

မုံရွာမြို့၊ ကျွဲကြီးရပ်၊ ကမ်းနားလမ်း၊ ဓမ္မသုခဘုန်းတော်ကြီးကျောင်းအနီး စိန်ပန်းပင်ကြီးနှင့် ဒေါနခြံရပ်ကွက် ကျောင်းလမ်းပေါ် ပြည်သူ့ဆေးရုံကြီးဝန်ထမ်းအိမ်ရာဝင်းအတွင်း အိမ်ပေါ်သို့ လဲကျနေသော ဇောင်းချမ်းပင်ကြီးကို ရှင်းလင်းဆောင်ရွက်ကြသည်။

သစ်ပင်ကြီးလဲကျမှုကြောင့် လူ၊ တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်းသိရပြီး မုံရွာမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇင်မိုအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်များမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းရှင်းလင်းခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၃၉၄)



## မော်တော်ယာဉ်နံပါတ်ပြားအတု ရောင်းသူအား ဖမ်းမိ

**တောင်ကြီး မေ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၁၀)တွင် မော်တော်ယာဉ် နံပါတ်ပြားအတုပြုလုပ်ရောင်းချသူအား ဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေနဲ့အညီအရေးယူဆောင်ရွက်ထားသည်။



ဖြစ်စဉ်မှာ မေ ၂၇ ရက် နံနက် ၁၀ နာရီက လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် သတင်းအရ အေးသာယာမြို့၊ ရပ်ကွက်(၁၀)၊ နယ်မြေ(၈၈)၊ စက်မှုဇုန်လမ်းနေ ဦးဇော်မျိုး၏ ကားပြုပြင်ရေးဆိုင်အား ဝင်ရောက်ရှာဖွေရာ ပီနံအိတ်များအတွင်း ထည့်လျက် နံပါတ်ပြားအတု ၆၀၀ ချပ်အား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါမော်တော်ယာဉ်နံပါတ်ပြားများအား အတုပြုလုပ်ရောင်းချသူ ဦးဇော်မျိုး(၄၉)နှစ်၊ ကားပြုပြင်ရေးလုပ်ငန်း)အား တောင်ကြီးမြို့၊ နယ်မြေရဲစခန်းတွင် ဥပဒေနဲ့အညီ အရေးယူထားပြီး အမှုကွင်းဆက်များ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)(၀၅၇)

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ

## EXO မှ Baekhyun က အနုပညာခရီးဖြတ်သန်းခြင်း (၁၃)နှစ်ပြည့်ခဲ့



EXO အဖွဲ့ဝင် Baekhyun က လက်ရှိ CEO တာဝန်ယူထားသော်လည်း သူ၏အနုပညာခရီး ဖြတ်သန်းခြင်း (၁၃)နှစ်ပြည့် အမှတ်တရပွဲ ကျင်းပ၍ ပရိသတ်ထံ စာတိုပေးပို့ထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

EXO အဖွဲ့နှင့် ပွဲဦးထွက် အနုပညာခရီးဖြတ်သန်းခြင်း (၁၃) နှစ်ပြည့် အမှတ်တရပွဲ ကျင်းပခဲ့ရာ INB100 CEO Baekhyun နှင့် Bench CEO တို့ တွဲရိုက်ထားသောပုံကို တင်ပေးထားသည်။

ပရိသတ်များအတွက် စာတိုပေးပို့ထားရာတွင် "အခုအချိန်ထိ မှတ်ဉာဏ်တွေကို သိမ်းဆည်းကြည့်ရင်းနဲ့ သီချင်းတွေကို အရမ်းသဘောကျခဲ့ပြီး အဆိုတော်အဖြစ် အိပ်မက် မက်ခဲ့ရတဲ့ အဲ့ဒီအချိန်တွေကို ပြန်တွေးကြည့်ရင်း သီချင်းထက် မင်း(ပရိသတ်)ကို ပိုသဘောကျခဲ့လို့ အဆိုတော်အဖြစ် အိပ်မက် မက်ခဲ့တာ ထင်တယ်။ အဲ့ဒီလောက်ထိကို အများကြီးသဘောကျပါတယ်။ အမြဲတမ်းအတွက် ကျေးဇူးတင်ပါတယ်" Baekhyun ဟု ရေးသားထားသည်။

(SKY)



## သက်သတ်လွတ်စားသူများ အသားမစားဘဲ လေ့ကျင့်ခန်းပြုလုပ်ရုံမျှဖြင့် ကြွက်သားကြီးထွားနိုင်

အမေရိကန်ပြည်ထောင်စုမှ သုတေသီများ မကြာသေးမီက ပြုလုပ်ခဲ့သော လက်တွေ့စမ်းသပ်စစ်ဆေးမှုတစ်ခုတွင် ဓာတ်ခွဲခန်းစားသောက်မှုပုံစံကို လိုက်နာပြီး ၁၀ ပတ်ကြာ ကိုယ်အလေးချိန်မြင့်တင် လေ့ကျင့်ခန်းလုပ်သူ၊ သက်သတ်လွတ်စားသူများနှင့် အသားစားသူများ၏ ကြွက်သားတုံ့ပြန်မှုကို လေ့လာခဲ့သည်။

ထိုလေ့လာမှုတွင် အချိန်နှင့်အမျှ ကြွက်သားပရိုတင်းဖွဲ့စည်းမှုတွင် သိသာထင်ရှားသော ကွာခြားမှုများကို မတွေ့ရှိရသော်လည်း ထိုလေ့လာမှုတွင် ပါဝင်သူများသည် တစ်နေ့လျှင် ကိုယ်အလေးချိန် တစ်ကီလိုဂရမ်လျှင် ၁ ဒသမ ၆ မှ ၁ ဒသမ ၈ ဂရမ်နှုန်းဖြင့် ပရိုတင်းများကို စားသုံးခဲ့ကြသည်။

ယင်းကဲ့သို့လေ့လာရာမှ သက်သတ်လွတ်စားသူများကို ၎င်းတို့၏ အဓိက အပင်ထွက်ပရိုတင်းများကို ဖြည့်စွက်စာများမှရရှိစေခဲ့ရာ ၎င်းတို့၏ကြွက်သားများသည် အသားစားသူများနည်းတူ ဖွံ့ဖြိုးကြီးထွားနိုင်သည်ကို ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။

(SCI)

## Wu Lei ၏ Amidst A Snowstorm Of Love အကျိုးအမြတ်များစွာ ရရှိထား

တရုတ်အနုပညာရှင် Wu Lei ပါဝင်ထားသည့် Amidst A Snowstorm Of Love ဇာတ်ကားသည် ကြည့်ရှုနှုန်းမြင့်မားစွာနှင့် အကျိုးအမြတ်များစွာရရှိသော ဇာတ်ကား ဆယ်ကားစာရင်းတွင် ပါဝင်ခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားသည် တန်ဆက်မှ ပြသခဲ့သည့် တစ်ခုတည်းသော ဒရမ်မာကားဖြစ်ခဲ့ပြီး Wu Lei လည်း နာမည်ရခဲ့ကာ ကုန်အမှတ်တံဆိပ်များက သံတမန်အဖြစ် ခန့်အပ်ခံခဲ့ရသည်။

Wu Lei နှင့်အတူ Lin Yi-yang လည်းပါဝင်ပြီး ပြသနေစဉ်အတွင်း ကြည့်ရှုနှုန်းမြင့်မား၍ နှစ်ဦးစလုံး အောင်မြင်မှုရရှိခဲ့ကြသည့်အပြင် အကျိုးအမြတ်များစွာ ရရှိသော ဇာတ်ကားစာရင်းတွင် ပါဝင်ခဲ့သည်။

Wu Lei (ခေါ်) Leo Wu ၏ အနုပညာစွမ်းရည်မှာလည်း ပြီးပြည့်စုံမှုရှိ၍ ဇာတ်ရုပ်ကို ပုံဖော်ရာတွင် တစ်ထပ်တည်းကျခဲ့ကာ ပရိသတ်အကြိုက်တွေ့ခဲ့ကြသည်။

(SKY)




## Lee Seung Gi ၏ About Family ဇာတ်ကား လူကြိုက်များ

Lee Seung-gi ပါဝင်ထားသည့် About Family တွင် အလွဲပေါင်းများစွာနှင့် ဟာသ ရသနှော ရိုက်ကူးထား၍ ပရိသတ်ကြားလူကြိုက်များသော ဇာတ်လမ်းတွဲဖြစ်ခဲ့သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်လမ်းတွင် ဖက်ထုပ်ဆိုင်ပိုင်ရှင် မြေးလိုချင်သည့် အဘိုးနှင့် တရားပေါက်ပြီး သာသနာ့ဘောင်ဝင်သွားသည့်




သားထံသို့ ကလေးနှစ်ဦး ရောက်ချလာရာမှ အလွဲပေါင်းများစွာနှင့် ကြုံရပုံကို ရိုက်ကူးတင်ဆက်ထားသည်။

ဖက်ထုပ်ဆိုင်အပြင် အဆောက်အအုံပေါင်းများစွာ ပိုင်ဆိုင်ထားသည့် သူဌေးဖခင်နှင့် ဆေးတက္ကသိုလ်တက်ရင်း မိခင်ဆုံးပါးသွားသည့် သားက ဖခင်၏ မြေးလိုချင်သည့်ဆန္ဒကို မဖြည့်ဆည်းနိုင်ဖြစ်ခဲ့ရာမှ ကလေးနှစ်ဦးက ဘုန်းကြီးဝတ်နေသော သားကို အဖေဟု ပြော၍ ရောက်ရှိလာခဲ့သည်။

သားဖြစ်သူ ဘုန်းကြီးမဝတ်မီ ထိတ်လန့်စရာ အမှန်တရားတစ်ခုနှင့် ကြုံခဲ့ရသည့်အကြောင်းနှင့် ကလေးနှစ်ဦးရောက်ရှိလာပုံကို အလွဲပေါင်းများစွာနှင့် တင်ဆက်ရိုက်ကူးထားသည်။

(SKY)

## ဂျပန်အနုပညာရှင် Kasumi ၏ Beyond Goodbye ဇာတ်ကားထွက်ရှိလာ

Netflix Original မှ ဂျပန်ဇာတ်လမ်းတွဲ Beyond Goodbye ထွက်ရှိလာရာ နာမည်ကြီးဝါရင့်အနုပညာရှင်နှစ်ဦးဖြစ်သည့် Kasumi နှင့် Kentaro တို့ အဓိက ပါဝင်ထားကြကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




ဂျပန်ဇာတ်လမ်းတွဲများကို ပရိသတ်အားပေးမှု မြင့်မားစွာ ရရှိထားရာမှ What Comes After Love အပြီး ဂျပန်ဇာတ်လမ်းတွဲသစ် Beyond Goodbye ကို အပိုင်းရှစ်ပိုင်းနှင့် Netflix က ထုတ်လုပ်ထားသည်။

ပရိသတ်အားပေးမှုရရှိထားသည့် First Love အပြီး နှစ်နှစ်အကြာမှ ပြန်လည်ကြည့်ရှုရမည့် ဇာတ်ကားဖြစ်ကာ ဝါရင့်အနုပညာရှင်နှစ်ဦးဖြစ်သည့် Kasumi နှင့် Kentaro တို့ အဓိကပါဝင်ထား၍ ပရိသတ် အကြိုက်တွေ့နေကြသည်။

(SKY)

## John Wick 5 ကို မတူညီသောပုံစံနှင့် မြင်တွေ့ရမည်

ဒါရိုက်တာ Chad Stahelski နှင့် Keanu Reeves တို့ လက်တွဲခဲ့သည့်ရုပ်ရှင် John Wick မှာ အောင်မြင်မှုများစွာနှင့် ၂၀၁၄ခုနှစ်မှ စတင်ခဲ့ရာမှ အပိုင်း(၄)အပြီး အပိုင်း(၅)တွင် မတူညီသောပုံစံနှင့် မြင်တွေ့ကြရမည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားကို ၂၀၁၄ ခုနှစ်တွင် Chapter 1 နှင့် စတင်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် Chapter 4 နှင့် အဆုံးသတ်ခဲ့ရာမှ John Wick Universe အနေနှင့် ပိုမိုကျယ်ပြန့်လာမည့်အကြောင်း Interview တစ်ခုတွင် ဟောလိဝုဒ်သတင်းထောက်၊ ဒါရိုက်တာ Chad Stahelski က ပြောကြားခဲ့သည်။

ဆက်လက်၍ ဒါရိုက်တာက John Wick 5 အတွက် ဇာတ်လမ်းသုံး၊ လေးမျိုးလောက်ရှိပြီး အပိုင်း(၄)နှင့် အဆုံးသတ်ကို လေးစားသမှုဖြင့် ထိမည်မဟုတ်ဘဲ ပိုက်ဆံအတွက်ဖြစ်စေ၊ အနုပညာအတွက်ဖြစ်စေ ထိပ်ဆုံးရောက်အောင် မတူညီသောပုံစံနှင့် ကြည့်ရှုကြရမည်ဟု အာမခံကြောင်း ထပ်မံပြောကြားသွားခဲ့သည်။

(SKY)

*-*-*-*-*




## Kate Winslet ၏ Lee Miller ရုပ်ရှင်မှာ ဖြစ်ရပ်မှန်ကို ရိုက်ကူးထား

ကမ္ဘာ့အထင်ရှားဆုံး သတင်းထောက်တစ်ဦး၏ ဖြစ်ရပ်မှန်ကို ရိုက်ကူးတင်ပြထားသည့် Lee Miller ရုပ်ရှင်တွင် Kate Winslet ပါဝင်ပြီး ဒုတိယကမ္ဘာစစ်နောက်ခံဇာတ်ကားဖြစ်ခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဒုတိယကမ္ဘာစစ်တစ်လျှောက် ရှေ့တန်းစခန်းများ၊ ချွေးတပ်စခန်းမှ သမိုင်းဝင်ဓာတ်ပုံများကို ရိုက်ကူး၍ ကမ္ဘာ့အထင်ရှားဆုံး သတင်းထောက်တစ်ဦး ဖြစ်လာသည့် Lee Miller ၏ ဖြစ်ရပ်မှန်ဇာတ်လမ်းဖြစ်သည်။

အဆိုပါဇာတ်ကားတွင် ဟစ်တလာ သေကြောင်းကြံအပြီး စစ်ပွဲအပြီး၌ ဟစ်တလာတိုက်ခန်း၏ ရေချိုးခန်းတွင် ရေချိုး၍ ရိုက်ပြထားသည့်ဓာတ်ပုံမှာ ကမ္ဘာကျော် ဖြစ်ခဲ့သည်။

ဒါရိုက်တာ Ellen Kuras က Kater Winsletကို Lee Miller နေရာမှ ဇာတ်ရပ်ချထားရာ Lee Miller မှာ Model ဘဝမှ ဓာတ်ပုံဆရာ၊ သတင်းထောက်ဖြစ်လာပုံနှင့် ဒုတိယကမ္ဘာစစ်ပွဲတစ်လျှောက် ကြုံတွေ့ခဲ့ရသည်များကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြသထား၍ IMDb 7.0 ရရှိထားသည်။

(SKY)






## ပီအက်စ်ဂျီအသင်းနှင့် ကစားမည့် ချန်ပီယံလိဂ် ဗိုလ်လုပွဲစဉ်တွင် အင်တာမီလန်အသင်း တတိယဂျာစီ ဝတ်ဆင်ကစားသွားမည်



**မီလန် မေ ၂၉**

အင်တာမီလန်အသင်းသည် ပီအက်စ်ဂျီအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်တွင် အစဉ်အလာချိုးဖောက်၍ တတိယဂျာစီဖြစ်သည့် အဝါရောင်ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

ချန်ပီယံလိဂ် ဗိုလ်လုပွဲတွင် ပီအက်စ်ဂျီအသင်းက အိမ်ရှင်အဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် ပထမဂျာစီအား ဝတ်ဆင်ကစားခွင့် ရရှိပြီး ၄င်းအသင်းဝတ်ဆင်မည့် ပထမဂျာစီမှာ အင်တာမီလန်အသင်း၏ အိမ်ကွင်းဂျာစီ အနက်အပြာစင်းနှင့်တူညီနေခြင်းကြောင့် အင်တာမီလန်အသင်းအနေဖြင့် ပထမဂျာစီအား ဝတ်ဆင်ခွင့်မရရှိခဲ့သော်လည်း ဒုတိယဂျာစီဖြစ်သည့် အဖြူရောင်ဂျာစီအား မရွေးချယ်ဘဲ တတိယဂျာစီဖြစ်သည့် အဝါရောင်ဂျာစီအား ရွေးချယ်ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

၂၀၂၄-၂၀၂၅ ချန်ပီယံလိဂ် ဗိုလ်လုပွဲစဉ်အဖြစ် အင်တာမီလန်အသင်းသည် လာမည့် ဇွန် ၁ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီ ၃၀ မိနစ်တွင် ပီအက်စ်ဂျီအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ဝဲပုံ) (NGB)

## အဲလက်စ်ဘာနာအား ယူရိုသန်း ၅၀ဖြင့် ခေါ်ယူရန် အက်သလက်တီကိုမက်ဒရစ်အသင်း ကမ်းလှမ်း

**မက်ဒရစ် မေ ၂၉**

အက်သလက်တီကိုမက်ဒရစ်အသင်းသည် ဗီလာရီးရဲလ်အသင်း ကွင်းလယ်ကစားသမား အဲလက်စ်ဘာနာအား ယူရို သန်း၅၀ဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဗီလာရီးရဲလ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၃ပွဲကစားပြီး ၇ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ဗီလာရီးရဲလ်အသင်းကလည်း အဲလက်စ်ဘာနာအတွက် အက်သလက်တီကိုမက်ဒရစ်အသင်း၏ ယူရို သန်း ၅၀ဖြင့် ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။



ထို့ကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းအနေဖြင့် ဗီလာရီးရဲလ်အသင်းထံမှ အဲလက်စ်ဘာနာအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)
(NGB)

## ဂျော်ဂျင်ဟို ဖလာမင်ဂိုအသင်းတွင် ကျောနံပါတ် ၂၀ဂျာစီအား ဝတ်ဆင်ကစားသွားမည်



**လန်ဒန် မေ ၂၉**

ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟို ဖလာမင်ဂိုအသင်းတွင် ကျောနံပါတ် ၂၀ ဂျာစီအား ဝတ်ဆင် ကစားသွားမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ဖလာမင်ဂိုအသင်းနှင့် ကြိုတင်စာချုပ် ချုပ်ဆိုထားပြီးနောက် လက်ရှိအချိန်မှာ အပြီးသတ်ပြောင်းရွှေ့လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၉ပွဲကစားပြီး နှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖလာမင်ဂိုအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဂျော်ဂျင်ဟိုက "ကျွန်တော် ဖလာမင်ဂိုအသင်းမှာ ကျောနံပါတ် ၂၀ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ ကျွန်တော်ကိုနွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းကို ဆုဖလားတွေများစွာရရှိအောင်လည်း အစွမ်းကုန် ကြိုးစားပေးသွားမှာပါ" ဟု ပြောသည်။

(အပေါ်ဝဲပုံ)
(NGB)

*-*-*-*-*

## မာရီယိုဂီလာအား ခေါ်ယူရန် ချဲလ်ဆီးအသင်းစိတ်ဝင်စား

**လန်ဒန် မေ ၂၉**

ချဲလ်ဆီးအသင်းသည် လာဇီယိုအသင်း နောက်ခံကစားသမား မာရီယိုဂီလာအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လာဇီယိုအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၁ ပွဲ ကစားပြီး ၂ ဂိုးသွင်း ယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

နောက်ခံကစားသမား မာရီယိုဂီလာကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။ (ယာပုံ)

ထို့ကြောင့် ချဲလ်ဆီးအသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် လာဇီယိုအသင်းထံမှ မာရီယိုဂီလာအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)



## ယာမဲလ် ဘာစီလိုနာအသင်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆို




**ဘာစီလိုနာ မေ ၂၉**

ဘာစီလိုနာအသင်းသည် အသင်းတောင်ပံကစားသမား ယာမဲလ်အား ၂၀၃၁ခုနှစ်အထိ သက်တမ်းတိုးစာချုပ် တစ်ရပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၆ ပွဲကစားပြီး ၂၅ဂိုး သွင်း ယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုး စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၁၇)နှစ်အရွယ်ရှိ ယာမဲလ်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားဦးမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်" ဟု ပြောသည်။

(ဝဲပုံ) (NGB)



## နည်းပြ ပိုစတီကိုဂလူးအား အသင်းတွင်ဆက်ထားပေးရန် စပါးအသင်းထံ ကစားသမားများတောင်းဆို

**လန်ဒန် မေ ၂၉**

စပါးအသင်းသည် အသင်းလက်ရှိနည်းပြ ပိုစတီကိုဂလူးအား ရာထူးမှ ထုတ်ပယ်ခြင်းမျိုး မပြုလုပ်ဘဲ အသင်းတွင် ဆက်ထားပေးရန် ကစားသမားများက အသင်းထံ တောင်းဆိုခဲ့ကြသည်။

အဆိုပါ နည်းပြသည် စပါးအသင်းအား ယူရိုပါလိဂ်ချန်ပီယံဆု ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရလဒ်များကောင်းမွန်အောင် စွမ်းဆောင်နိုင်ခြင်းမရှိသောကြောင့် အသင်းက ရာထူးမှ ထုတ်ပယ်ရန်စီစဉ်နေမှုအပေါ် အသင်းကစားသမားများက ထုတ်ပယ်ခြင်းမပြုရန် တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

နည်းပြ ပိုစတီကိုဂလူးသည် စပါးအသင်းအား ၂၀၂၃ခုနှစ် ဇူလိုင်လက စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၀၁ပွဲတွင် ၄၇ပွဲနိုင်၊၁၅ပွဲသရေ၊ ၃၉ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။ (အပေါ်ပုံ)

ထို့ကြောင့် စပါးအသင်းအနေဖြင့် အသင်းကစားသမားများ တောင်းဆိုထားသည့် အတိုင်း နည်းပြ ပိုစတီကိုဂလူးအား အသင်းတွင် ဆက်ထားသွားမည်လားဆိုသည်မှာ စောင့်ကြည့်ရဦးမည်ဖြစ်သည်။

(NGB)

## ကားလို့စ်ဗီလာ ဘောလုံးကစားသမားဘဝမှ အနားယူ

**လန်ဒန် မေ ၂၉**

ဆိုစီဒက်အသင်းနှင့် မက္ကဆီကို အသင်းတိုက်စစ်မှူးဟောင်း ကားလို့စ်ဗီလာ ဘောလုံးကစားသမားဘဝမှ အနားယူကြောင်း အတည်ပြု ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ကစားသမားဘဝတစ်လျှောက်တွင် ဆိုစီဒက်၊ ဝက်စ်ဘရွန်း၊ အာဆင်နယ်၊ ဆိုဆာဆူနာ၊ လော့စ်အိန်ဂျယ်လိစ်စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင်လည်း ကစားပြီး အောင်မြင်မှုများရယူထားနိုင်ခဲ့သလို၊ နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် မက္ကဆီကိုလက်ရွေးစင်အသင်းနှင့်လည်း ၂၀၀၇ မှ ၂၀၁၈ ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၇၂ ပွဲ ကစားကာ ၁၉ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့သည်။(**အောက်ဝဲပုံ**)



အသက်(၃၆)နှစ်အရွယ်ရှိ ကားလို့စ်ဗီလာက "ကျွန်တော် ဘောလုံးကစားသမားဘဝမှ အနားယူလိုက်ပါပြီ။ ကျွန်တော် ဘောလုံးကစားခဲ့တဲ့အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ ကျွန်တော်ကို အားပေးခဲ့တဲ့ ပရိသတ်တစ်ဦးတစ်ယောက်ချင်းစီတိုင်းကိုလည်း အထူးကျေးဇူးတင်ပါတယ်" ဟုပြောသည်။(NGB)

## 2025 Roland Garros တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ Iga Swiate တက်ရောက်

**ပဲရစ် မေ ၂၉**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Roland Garros တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ပိုလန်တင်းနစ်မယ် Iga Swiatek တက်ရောက်ခဲ့သည်။



အဆိုပါ ပိုလန်တင်းနစ်မယ် Iga Swiatek သည် 2025 Roland Garros တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ဂရိတ်ဗြိတိန်တင်းနစ်မယ် Emma Raducanu အား ၆-၁၊ ၆-၂ ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Roland Garros တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ပိုလန်တင်းနစ်မယ် Iga Swiatek နှင့် ရိုမေးနီးယားတင်းနစ်မယ် Jaqueline Cristian တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ဝဲပုံ)
(NGB)

# လျှပ်စစ်အင်ဂျင်နီယာရုံးဝန်ထမ်းများ စုပေါင်းပြီး မိုးရာသီ သီးပင်စားပင်များ စိုက်ပျိုး

**ပွင့်ဖြူ မေ ၂၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးမင်းနိုင် ဦးဆောင်သော ဝန်ထမ်းများအဖွဲ့က ရုံးပတ်ဝန်းကျင်သာယာစိမ်းလန်းစိုပြည်စေရန်နှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများတွင် အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ မေ ၂၈ ရက် နံနက်ပိုင်းက မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် ဓာတ်အား ခွဲရုံဝင်း မြေကွက်လပ်တို့တွင် မိုးရာသီ သီးပင်စားပင်များ စုပေါင်းစိုက်ပျိုးကြသည်။



ထိုသို့ ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဆောင်၍ ဝန်ထမ်းများအဖွဲ့က ရုံးပတ်ဝန်းကျင် သာယာစိမ်းလန်းစိုပြည်စေရန်နှင့်သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများတွင် အထောက်အကူပြုစေရန်အတွက် စိန်တစ်လုံးသရက်ပင် ၂၅ ပင်ကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် ဓာတ်အားခွဲရုံဝင်းအတွင်းရှိ မြေကွက်လပ်တွင် စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ပွင့်ဖြူမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးအနေဖြင့် နှစ်စဉ် မိုးရာသီကာလများတွင် ရုံးပတ်ဝန်းကျင်သာယာစိမ်းလန်းစိုပြည်စေရေးအတွက် သရက်၊ ပိန္နဲ၊ ငှက်ပျော၊ သံပရာ စသည့် သီးပင်စားပင်များကို စိုက်ပျိုးဆောင်ရွက်လျက်ရှိကာ ယခုနှစ် မိုးရာသီတွင်လည်း ရုံးဝင်းမြေကွက်လပ်၌ ငှက်ပျော အပင် ၁၀၀ အကောင်အထည်ဖော် စိုက်ပျိုးဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် လျှပ်စစ်အင်ဂျင်နီယာထံက သိရသည်။

(အပေါ်ဝဲပုံ) (၄၄၅)



# ခြင်မှတစ်ဆင့် ကူးစက်သော သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါအကြောင်း အသိပညာပေး အခမ်းအနားကျင်းပ

**သရက် မေ ၂၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ခြင်မှတစ်ဆင့် ကူးစက်သော သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါအကြောင်း အသိပညာပေး အခမ်းအနားကျင်းပခြင်းကို မေ ၂၈ ရက် နံနက် ၁၀ နာရီက ခရိုင်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် သရက်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အဖွင့်အမှာစကားပြောကြားရာတွင် သွေးလွန်တုပ်ကွေးရောဂါသည် သွေးလွန်တုပ်ကွေး ဗိုင်းရပ်စ်ပိုး သယ်ဆောင်ထားသော နေ့အချိန်တွင် ကိုက်လေ့ရှိသည့် ခြင်ကျားအကိုက်ခံရခြင်းကြောင့် ဖြစ်ပွားပြီး ကြိုတင်ကာကွယ်ရသော ရောဂါဖြစ်သည်ဟု ပြောကြားခဲ့သည်။

ထို့နောက် သရက်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဌာနမှူး ဒေါက်တာညွန့်ရွှေအောင်က အခမ်းအနား ကျင်းပရခြင်းနှင့် ခြင်မှတစ်ဆင့် ကူးစက်တတ်သော သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါအကြောင်း ပြောကြားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ဇော်ထက်(သရက်)**

# လျှင်ဘေးရှောင်စခန်းများတွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးများ တိုက်ကျွေး

**မန္တလေး မေ ၂၉**

တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏လမ်းညွှန်မှု၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် မန္တလေး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်အတွင်းရှိ လျှင်ဘေးရှောင်စခန်းများတွင် ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးအနေဖြင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ဆေးများတိုက်ကျွေးလျက်ရှိရာ မေ ၂၈ ရက်တွင် လျှင်ဘေးဒဏ်ခံပြည်သူများအား တတိယအကြိမ်တိုက်ကျွေးကြသည်။

ထိုသို့ ကာကွယ်ဆေးများ တိုက်ကျွေးရာတွင် ချမ်းမြသာစည်မြို့နယ်အတွင်းရှိ လျှင်ရှောင်စခန်းများဖြစ်ကြသော သီရိမင်္ဂလာယာယီစခန်းမှ အိမ်ထောင်စု ၈၃ စု၊ ရွာလယ်ဘုန်းတော်ကြီးကျောင်းယာယီစခန်းမှ အိမ်ထောင်စု ၁၅၃ စု၊ဧရာထွန်း ယာယီစခန်းမှ အိမ်ထောင်စု ၄၆၉ စု၊ အောင်မြေရွှေဘုံယာယီစခန်းမှ အိမ်ထောင်စု ၁၀၂ စုတို့ကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဒေါက်တာဧရာထက်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သူနာပြုများက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ဆေးများတိုက်ကျွေးကြကြောင်း သိရသည်။ (ဝဲပုံ)

(၀၉၃)



ရေနုတ်မြောင်းအတွင်း စည်းကမ်းမဲ့ အမှိုက်မစွန့်ပစ်ခြင်းဖြင့် သင်၏ဂုဏ်ကို မြှင့်တင်ပါ ။

# မြို့အင်္ဂါရပ်နှင့်အညီ စိမ်းလန်းစိုပြည်ပြီး သာယာလှပစေရန် နေ့စဉ်ဆောင်ရွက်

**မင်းဘူး မေ ၂၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့အဝင်အထွက်နှင့် မြို့တွင်း၊ မြို့ပြင် သန့်ရှင်းသာယာလှပစေရေး လုပ်ငန်းများကို နေ့စဉ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မင်းဘူးမြို့နယ်အတွင်းရှိ ကားလမ်းဘေး ဝဲ၊ ယာများ၊ မြို့အဝင်၊ အထွက်တွင် ပေါက်ရောက်နေသော မြက်ပင်နှင့် ချုံနွယ်များ၊ သစ်ပင်များကို ခုတ်ထွင်ရှင်းလင်း သိမ်းဆည်းခြင်း၊ လမ်းသွားလမ်းလာများ၏ စွန့်ပစ်အမှိုက်များ သိမ်းဆည်းခြင်း၊ မင်းဘူး-စကုကားလမ်းမကြီးတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် ပန်းအလှပင်များကြား ပေါင်းမြက်များ ရှင်းလင်းပေးခြင်း၊ မြို့မဈေးကြီးဧရိယာအတွင်း အမှိုက်သရိုက်များ ရှင်းလင်းပေးခြင်း၊ မြို့အဝင်၊ အထွက် ဆိုင်းဘုတ်အနီးတို့တွင် မြက်များ ဖြတ်ကာ ညှိပေးခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်ကြသည်။ မိုးရာသီ၌ မင်းဘူးတစ်မြို့လုံး၊ မြို့အင်္ဂါရပ်နှင့်အညီ စိမ်းလန်းစိုပြည်ပြီး သာယာလှပစေရန်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်ထံမှ သိရသည်။ (အောက်ပုံ) (၅၀၄)



# ၂၀၂၅-၂၀၂၆ ခုနှစ် ဆီထွက်သီးနှံ(နှမ်း၊ နေကြာ)မျိုးများ ပေးအပ်

**မိတ္ထီလာ မေ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် ဆီထွက်သီးနှံ(နှမ်း၊ နေကြာ)မျိုးများ ပေးအပ်ပွဲကို မေ ၂၈ ရက် နံနက် ၉ နာရီက ဆည်ရွာကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။



ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်က အဖွင့်အမှာစကားပြောကြားရာတွင် မိတ္ထီလာမြို့တွင် နှမ်းစိုက်ဧကများ နှမ်းသီးနှံအထွက်နှုန်း နည်းပါးသည့်အတွက် နှမ်းသီးနှံများ သတ်မှတ်လျာထားသည့် အထွက်နှုန်းများရရှိစေရန် နှမ်းစိုက်တောင်သူများနှင့်တွေ့ဆုံပြီး နှမ်းစိုက်တောင်သူများ၏ နှမ်းသီးနှံစိုက်ပျိုးရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ နည်းပညာလိုအပ်ချက်များ၊ အရင်းအနှီးလိုအပ်ချက်များ၊ သွင်းအားစု၊ မျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးရေ၊ မြေပြုပြင်ရန်လိုအပ်မှုအခြေအနေများနှင့် ပိုးမွှားအန္တရာယ်နှိမ်နင်းနိုင်ရန် ကာကွယ်ဆေးများ စသည့် လိုအပ်ချက်များ သိရှိနိုင်ရန်နှင့် ဆီထွက်သီးနှံ (နှမ်း၊ နေကြာ)မျိုးများအား စိုက်ပျိုးရေးတောင်သူများအား ပေးအပ်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ၎င်းနောက် မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာလင်းက မိတ္ထီလာခရိုင်အတွင်း နှမ်းသီးနှံစိုက်ပျိုးထားရှိမှုအခြေအနေများ၊ စိုက်ပျိုးရာတွင် လိုအပ်လျက်ရှိသည့်အခြေအနေများအား ဌာနမှ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်သည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မိုးနှမ်းသီးနှံစိုက်ပျိုးရာတွင် လိုက်နာရမည့်အခြေအနေများနှင့်ပတ်သက်၍ မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့တာဝန်ခံ၊ ပိုးမွှားကာကွယ်ရေးတာဝန်ခံ၊ မြေအသုံးချမှုတာဝန်ခံများနှင့် မိတ္ထီလာမြို့နယ်ဦးစီးမှူး ဦးသက်နိုင်အေးတို့က ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးတို့က ဆည်ရွာကျေးရွာရှိ နှမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများအား ကံ့ရှိ နှမ်းမျိုးနှင့် ဆင်းရွှေကြာ-၂၊ ရေဆင်း(၁)စပ်မျိုး နေကြာမျိုးများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၆၉)

# ပထမနှစ်သင်တန်းသူများ၏ (၁၂)ကြိမ်မြောက် ဦးဆောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး မေ ၂၉**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ ၃၁လမ်းနှင့်ဖိုလမ်းထောင့်ရှိ သားဖွားသင်တန်းကျောင်း (မန္တလေး)တွင် ဘက်စုံသားဖွားဒီပလိုမာ (၂)နှစ်သင်တန်း၊ (၁/၂၀၂၅) သင်တန်း ပထမနှစ်သင်တန်းသူများ၏ (၁၂)ကြိမ်မြောက် ဦးဆောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၂၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝင်းနိုင်၊ သားဖွားသင်တန်းကျောင်း၊ စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ၊ ဗဟိုအမျိုးသမီးဆေးရုံအုပ်ကြီး ဒေါက်တာ ဝင်းပပဝင်းနှင့်အဖွဲ့ဝင်များ၊ ပညာရေးအဖွဲ့ဥက္ကဋ္ဌ၊ သားဖွားသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်ခင်ချိုမြင့်နှင့် ပညာရေးအဖွဲ့ဝင်များ၊ ကျောင်းအုပ်များနှင့် နည်းပြများ၊ သင်တန်းသူ ၁၃၄ ဦး တက်ရောက်ခဲ့ကြသည်။



အဆိုပါ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီးက သင်တန်းနှင့်ပတ်သက်သည်များအား ရှင်းလင်းတင်ပြ၍ လူမှုရေးရာဝန်ကြီးက ဆုရရှိသူများအား ဆုများ ချီးမြှင့်ကာ တာဝန်ရှိသူများက သင်တန်းသူများအား ဦးဆောင်းများ အပ်နှင်းခဲ့ပြီး ထို့နောက် သင်တန်းသူများမှ သူနာပြုအဓိဋ္ဌာန်ရွတ်ဆိုခြင်း၊ "ဂရုဏာအလင်း" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေခြင်းများဆောင်ရွက်ခဲ့ပြီး သင်တန်းသူများကိုယ်စား မဖြူသီက ကျေးဇူးတင်စကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**
**ချမ်းမြေ့မောင်**



# ၂၀၂၅ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ပွင့်ဖြူ မေ ၂၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၅ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို မေ ၂၈ ရက် နံနက် ၈ နာရီက ပွင့်ဖြူမြို့နယ်၊ ရွာသစ်ကျေးရွာ မိုးကုတ်ရိပ်သာဝင်းအတွင်း မြေကွက်လပ်၌ ကျင်းပသည်။

အဆိုပါ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ပွင့်ဖြူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းလင်းအောင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်သစ်တောဦးစီးမှူး ဦးကျော်စွာမြင့်ဦးက ဒေသတွင်း ရာသီဥတု ဂေဟစနစ်များကောင်းမွန်စေရေး၊ အပူဒဏ်ကာကွယ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးတို့အတွက် အရိပ်ရပင်များ၊ အကောင်အထည်ဖော်စိုက်ပျိုးဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ယခုစိုက်ပျိုးမည့်အရိပ်ရပင်များကိုလည်း ရှင်သန်ကြီးထွားအောင် ဒေသခံပြည်သူများမှ ဝိုင်းဝန်းပူးပေါင်းပြီး ပြုစုထိန်းသိမ်းကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်သစ်တောဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက မိုးကုတ်ရိပ်သာဝင်းအတွင်း မြေကွက်လပ်တွင် ကျွန်း ၁၅၀ ပင်၊ မည်စည် ၅၀ ပင်၊ စုစုပေါင်း အရိပ်ရပျိုးပင် ၂၀၀ ကို သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန် တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနက မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ သစ်တော၊ သစ်ပင်များ၏တန်ဖိုးကို သိရှိနားလည်နိုင်စေရန်နှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး၊ ရာသီဥတု ကောင်းမွန်မျှတစေရေး၊ အရိပ်အာဝါသနှင့် မျက်စိပသာဒအကျိုးများ ရရှိစေရေး၊ အပူဒဏ်ကာကွယ်နိုင်စေရေး စသည့် ရည်ရွယ်ချက်များဖြင့် နှစ်စဉ် ဌာနဆိုင်ရာများ စုပေါင်းပြီး သစ်ပင်စိုက်ပျိုးပွဲများကို အကောင်အထည်ဖော် စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်သစ်တောဦးစီးမှူးက ပြောကြောင်း သိရသည်။

**(အပေါ်ပုံ)**
**(၄၄၅)**

# အခြေခံပညာကျောင်းများ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်

**တံတားဦး မေ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရန် မိုးဦးကျတွင်ဖြစ်ပွားတက်သော သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားရေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ခြင်ဆေးဖျန်းခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းတွင် တံတားဦး အခြေခံပညာအထက်တန်းကျောင်းတွင် ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားရေး ကြိုတင်ကာကွယ်နိုင်ရန်အတွက် အခြေခံပညာကျောင်းများရှိ ရေတွင်း၊ ရေကန်များ၊ ရေအိုးများအား ခြင်ပေါက်ဖွားမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ ခြင်ပေါက်ဖွားနိုင်သည့် ရေတွင်း၊ ရေကန်၊ ရေအိုးများ ရေသိုလှောင်ရန်များ အဖုံး ဖုံးအုပ်ရန် အသိပေးခြင်း သောက်သုံးရေ ထည့်ထားသည့် ရေစည်၊ ရေအိုးများ၊ ဘုရားပန်းအိုးများအား ခြင်မပေါက်ဖွားစေရန် လဲလှယ်ပြောင်းထည့်ခြင်း၊ စွန့်ပစ်ပစ္စည်းများ၊ ဘူးခွံများမှ ရေများအား သွန်ပစ်ခြင်း၊ ရေများမလှယ်နိုင်သည့် ရေကန်များကို ရေစစ်ဖြင့်စစ်ထုတ်ခြင်း၊ အဘိတ်ဆေး(Abate)ခတ်ခြင်း၊ စာသင်ကျောင်းခန်းမများနှင့် ကျောင်းဝင်းအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်ပေးကြသည်။

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို တံတားဦးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အထက တံတားဦးကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများနှင့် လူမှုရေးအသင်းဝင်များက ပူးပေါင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

**(အောက်ပုံ) (၄၀၉)**



သင့်ကျန်းမာရေးအတွက်
နေ့စဉ်
လမ်းလျှောက်ပါ။

# မိုးသီးနှံ၊ မိုးစပါးစိုက်ပျိုးမည့်တောင်သူများအား ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် တောင်သူစိုက်ပျိုးနည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

**မြစ်သား မေ ၂၉**



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးသီးနှံ၊ မိုးစပါးစိုက်ပျိုးမည့် တောင်သူများ မျိုးကောင်းမျိုးသန့် သုံးစွဲနိုင်ရေး၊ မြေဆီသြဇာ ထက်သန်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရန်အတွက် မိုးသီးနှံ၊ မိုးစပါးစိုက်ပျိုးမည့်တောင်သူများအား တောင်သူစိုက်ပျိုးနည်းပညာပေးဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ပွဲလုံးကျော်ကျေးရွာအုပ်စုရှိ ထိန်ကန်ကြီးကျေးရွာ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ငြိမ်းထွေးက မိုးသီးနှံ၊ မိုးစပါးစိုက်ပျိုးမည့် တောင်သူများ အကျိုးဖြစ်ထွန်းစေရေးနှင့် မိုးသီးနှံ ၊ မိုးစပါးများကို အဓိကစိုက်ပျိုးသွားမှာဖြစ်ပြီး ယမန်နှစ်ထက် မိုးစပါးကို တိုးမြှင့် စိုက်ပျိုးသွားမှာဖြစ်ကြောင်း၊ မိုးသီးနှံ၊ မိုးစပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ဝါ စိုက်ပျိုးမည့် တောင်သူများ မျိုးကောင်းမျိုးသန့် သုံးစွဲနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊ မြေဆီသြဇာထက်သန်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုက်နာရမည့်နည်းစနစ်များကို ပညာပေးဆွေးနွေးခဲ့သည်။ ဆက်လက်၍ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ မြေ၊ မျိုး၊ ပိုး တာဝန်ခံများက မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ မျိုးစေ့အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်း၊ စိုက်ပျိုးသီးနှံများတွင် ကျရောက်တတ်သော ဖျက်ပိုးများ၏အလေ့အထနှင့် ကာကွယ်နှိမ်နင်းနည်းများ၊ သီးနှံအထွက်တိုးနည်းပညာများကို အသီးသီး ပညာပေးဆွေးနွေးခဲ့သည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်က ယခုလို ပညာပေးဆွေးနွေးဆောင်ရွက်ခြင်းဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး စိုက်ပျိုးသီးနှံများ တစ်ဧက အထွက်နှုန်းတိုးတက်လာပြီး ပန်းတိုင်အထွက်နှုန်း ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း အကျယ်တဝင့် ဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဒေသခံတောင်သူ ၇၀ ဦး တက်ရောက်ခဲ့ကြပြီး တောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြသည်။ ဆွေးနွေးအပြီးတွင် စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**
**ဝင်းမင်းထွန်း(ပြန်/ဆက်)**

## အားကစားနှင့် ပညာရေးပေါင်းစပ် အထက်တန်းကျောင်းတွင် ကျောင်းအပ်နှံရေးနေ့ကျင်းပ ကျောင်းသား၊ ကျောင်းသူများအား ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့



**မန္တလေး မေ ၂၉**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီက ချမ်းမြသာစည် မြို့နယ်၊ ၇၃လမ်းရှိ အားကစား နှင့် ပညာရေး ပေါင်းစပ်အထက် တန်းကျောင်းတွင် ကျင်းပရာ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အားကစား နှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီးက အဖွင့်အမှာ စကားပြောကြားပြီး နိုင်ငံတော်မှ အခမဲ့ဖြန့်ဝေပေးသည့် အထက် တန်း၊ အလယ်တန်း၊ ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်များ၊ ကျောင်းဝတ် စုံများကို ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်သည်။ ဆက်လက်၍ ကျောင်းအုပ်ကြီးမှ ပညာရေး ဆရာ၊ ဆရာမ ၂၀ ဦး တို့အား သက်သာချောင်ချိရေး အတွက် ဆီနှင့် ခေါက်ဆွဲထုပ် များ ထောက်ပံ့ပေးအပ်သည်။

အားကစားနှင့် ကာယပညာ သိပ္ပံ(မန္တလေး)ရှိ အားကစားနှင့် ပညာရေးပေါင်းစပ်အထက်တန်း ကျောင်းကို ဇွန် ၂ ရက်တွင် ဖွင့် လှစ်မည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ဝ၄၅)**



## အောင်မြေသာစံမြို့နယ်တွင် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

**မန္တလေး မေ ၂၉**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကို ယမန်နေ့ နံနက် ၉ နာရီက မန္တလေး၊ အောင်မြေသာစံ မြို့နယ်၊ အမှတ်(၈)အခြေခံ ပညာ အထက်တန်းကျောင်း ဧသီတာ ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင် ဆွေနှင့်အဖွဲ့ဝင်များ၊ ခရိုင်ပညာ ရေးမှူး ဦးသိန်းဒန်၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင် သန်းဇော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ် ပညာရေးမှူး၊ ဒုတိယမြို့နယ်ပညာ ရေးမှူးများနှင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း အုပ်ကြီးများ၊ ကျောင်းသားမိဘ များနှင့် ကျောင်းသား၊ ကျောင်းသူ များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို အမှတ်(၈)အခြေခံ ပညာအထက်တန်းကျောင်း၊ ကျောင်းသူများက "ကျောင်းအပ် စို့လေ"သီချင်းဖြင့် သီဆိုဖွင့်လှစ် ပေးသည်။

အစီအစဉ်အရ ခရိုင်စီမံအုပ် ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ် ရေးမှူးက အမှာစကားပြောကြား ကာ ကျောင်းနေအရွယ်ကလေး များအားလုံး ကျောင်းအပ်နှံရေး အတွက် မိဘများအား တိုက်တွန်း ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်သီတာဌေးက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံမှု အခြေအနေများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ အမှတ်(၃၈) အခြေခံပညာအထက်တန်းကျောင်း မှ ကျောင်းသား၊ ကျောင်းသူများ က "မိုးဦးအလှ စိမ်းစိုမြ"သီချင်း ဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်အစိုးရ က ထောက်ပံ့သည့် ပုံနှိပ်၊ ဗလာ စာအုပ်၊ စာရေးကိရိယာများကို တာဝန်ရှိသူများက သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများထံ ပေးအပ် ကြသည်။ ထို့နောက် ခရိုင် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ တို့က ကျောင်းအုပ်ကြီးများထံ အလှူငွေများ ပေးအပ်ကြပြီး အမှတ်(၃၃)အခြေခံပညာအထက် တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ပညာသည်သာ ရတနာ" သီချင်းဖြင့် ဖျော်ဖြေ၍ အခမ်းအနားကို ရုပ်သိမ်းလိုက် ကြသည်။

အခမ်းအနားအပြီးတွင် ခရိုင် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့သည် ကျောင်းအပ်နှံနေမှုများကို လှည့် လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **(အပေါ်ပုံ) (ဝ၉၃)**

## ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာဖတ်သူလက်ဝယ်အရောက် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

**ဇမ္ဗူသီရိ မေ ၂၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး ရွေ့လျား စာကြည့်တိုက်စနစ်ဖြင့် စာဖတ်သူ လက်ဝယ်အရောက် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်း ကို မေ ၂၆ ရက် နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးရုံးတွင် အခမဲ့ ငှားရမ်းပေးခဲ့သည်။ **(ယာပုံ)**

ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနအနေဖြင့် ပြည်သူများ အလွယ် တကူ စာပေဖတ်ရှုလေ့လာနိုင်စေ ရေး၊ စာပေမှရရှိသည့် အသိပညာ ဗဟုသုတများ တိုးပွားစေရေးနှင့် စာပေဖတ်ရှုသည့် အလေ့အထများ ရရှိစေရန်ရည်ရွယ်၍ ဆောင်ရွက် ခြင်းဖြစ်ပြီး ရပ်ကွက်၊ ကျေးရွာ များ၊ ဌာနဆိုင်ရာရုံးများနှင့် စာသင် ကျောင်းများအရောက် လိုက်လံ ငှားရမ်းပေးခြင်းအပြင် မြို့နယ် ပြည်သူ့စာကြည့်တိုက်တွင်လည်း မည်သူမဆို အခမဲ့လာရောက် ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရ သည်။ **မြို့နယ်(ပြန်/ဆက်)**



## မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နတ်မောက် မေ ၂၉**

သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ နတ်မောက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ မြို့နယ် အတွင်းရှိ ဈေးသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေအား ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ တာဝန် ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ တွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ကျေးရွာတာဝန်ခံ ဝန်ထမ်းများသည် ဈေးသာကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူ ရေး၊ ကုန်ထုတ်လုပ်ငန်း၊ အသက် မွေးဝမ်းကျောင်းလုပ်ငန်း၊ အရောင်း အဝယ်လုပ်ငန်းနှင့် ငွေစာရင်း ဖြည့်သွင်းထားရှိမှု ရှိ၊ မရှိ စာရင်း ဇယားထိန်းသိမ်းမှု ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များကို ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ပေးခဲ့သည်။

နတ်မောက်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ နတ် မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဈေးသာကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူဦးရေ ၄၅ ဦး ကို ငွေကျပ် ၂၄ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၆ ဦးကို ငွေကျပ် သန်း ၂၀ ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူဦးရေ သုံးဦး ကို ငွေကျပ် ဝ ဒသမ ၉ သန်း နှင့် အရောင်းအဝယ်လုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၇ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၆ ဦးအား ငွေကျပ် ၅၂ ဒသမ ၈ သန်း ထုတ်ချေး ပေးထားကြောင်း မြို့နယ်ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။ **(ဝဲပုံ) မူမူစန်း**



## လူထုအခြေပြုဗဟိုဌာန၌ နွေရာသီစစ်တုရင် သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

**ညောင်ဦး မေ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ညောင်ဦးမြို့နယ် စစ်တုရင်ဆပ် ကော်မတီတို့ ပူးပေါင်း၍ နွေ ရာသီစစ်တုရင်သင်တန်းဆင်းပွဲ နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ညောင်ဦးခရိုင် လူထုအခြေပြုဗဟို ဌာန၌ မေ ၂၇ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ညောင်ဦး မြို့နယ် စစ်တုရင်ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးတင်မောင်လင်းက အဖွင့်အမှာစကားပြောကြားပြီး၊ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရည်မွန်သူက နွေရာသီစစ်တုရင် သင်တန်းဖွင့်လှစ်ခဲ့မှုနှင့် စစ်တုရင် သင်တန်းဆင်းပွဲ၊ ဆုချီးမြှင့်ပွဲ ကျင်းပခဲ့ရခြင်း ရည်ရွယ်ချက်အား ပြောကြားပြီး သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်နှင့် ဆုရရှိသူ များအား ဆုချီးမြှင့်သည်။ ဆက် လက်၍ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု စစ်တုရင်လက်ရွေး စင် ဦးမင်းခိုင်ဦးအား ညောင်ဦး ခရိုင်အားကစားနှင့်ကာယပညာ ဦးစီးဌာန၊ ခရိုင်မှူး ဒေါ်ညိုညိုထွေး က ဂုဏ်ပြုလက်မှတ်ပေးအပ် ချီးမြှင့်ခြင်းနှင့် အလှူရှင်များက စစ်တုရင်အားကစားဝတ်စုံများ ပေးအပ်ခဲ့ကာ စစ်တုရင် အား ကစားဝတ်စုံအလှူရှင်များအား ဂုဏ်ပြုလက်မှတ်များ ချီးမြှင့် ပေးအပ်ခဲ့ကြောင်းသိရကာ စစ်တု ရင်သင်တန်းအား သုံးလသင်တန်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**(၄၈၁)**

*-*-*-*-*

*-*-*-*-*-*-*

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ ॥**

## တန်ပိုးမြင့်စားသောက်ကုန် Bakery အမျိုးမျိုးထုတ်လုပ်မှုနည်းပညာသင်တန်း အမှတ်စဉ်(၁/၂၀၂၅)ဆင်းပွဲ ကျင်းပ



**ရွှေဘို မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၌ တန်ဖိုးမြင့်စားသောက်ကုန် Bakery အမျိုးမျိုးထုတ်လုပ်မှုနည်းပညာသင်တန်း အမှတ်စဉ်(၁/၂၀၂၅)သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၈ရက် မွန်းလွဲ ၁ နာရီက ရွှေဘိုခရိုင်မီးသတ်ဦးစီးဌာန၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရွှေဘိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက သင်တန်းဆင်းအမှာစကားပြောကြားရာ ယခုကဲ့သို့ သင်တန်းများဖွင့်လှစ်ခြင်းဖြင့် မိသားစုတစ်နိုင်တစ်ပိုင် ဝင်ငွေတိုးပွားလာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာခြင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်လုပ်ကိုင်လာနိုင်ခြင်းတို့ကြောင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်းပြောကြားခဲ့ပြီး ရွှေဘိုခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။

ဆက်လက်၍ ရွှေဘိုခရိုင်မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူးက သင်တန်းထုတ်ကုန်များပေးအပ်ခဲ့ပြီးနောက် သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ သင်တန်းတွင် သင်တန်းနည်းပြ ဆရာ၊ ဆရာမများက ကိတ်မုန့်၊ ပေါင်မုန့်အမျိုးမျိုး အပါအဝင် မုန့်အမျိုးမျိုးပြုလုပ်ခြင်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ကြောင်း၊ သင်တန်း တက်ရောက်သူ ၂၀ဦး ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အကြို စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲများ ကျင်းပ



**မန္တလေး မေ ၂၉**

၂၀၂၅ ခုနှစ်၊ ဇွန် ၅ရက်တွင်ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အကြို စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲကို မေ ၂၇ရက် နံနက် ၉နာရီက တာချီလိတ်မြို့၊ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ကမ္ဘာ့တစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေးခေါင်းစဉ်ဖြင့် ကျင်းပရာ ကျောင်းသား၊ ကျောင်းသူ ၂၅ဦးကစာစီစာကုံး၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲများအား ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)(မိုးသီး)**

## ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ဟန့်တားကာကွယ်ဆေး တတိယအကြိမ်စတင် တိုက်ကျွေး

**ဇမ္ဗူသီရိ မေ ၂၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား မိုးရာသီတွင် ဖြစ်ပွားတတ်သော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ဟန့်တားကာကွယ်ဆေးအား ယမန်နေ့ နံနက်ပိုင်းက ဆေးတိုက်စုရပ်များဖြစ်သည့် စည်ပင်ဧည့်ရိပ်သာ(၁)၊ စည်ပင်ဧည့်ရိပ်သာ(၂)နှင့် ဇမ္ဗူသီရိမြို့နယ်၊ ခုတင် ၅၀ ဆံ့ဆေးရုံတွင် တတိယအကြိမ် တိုက်ကျွေးခဲ့သည်။

အဆိုပါ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးအား တိုက်ကျွေးလျက်ရှိရာ ယခုအခါ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား တတိယအကြိမ်အဖြစ် မေ ၂၆မှ ၃၀ ရက်အထိ တိုက်ကျွေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




ပလင်းတန်ဖွံ့ဖြိုးဖို့ စာအုပ်၊ စာပေ လေ့လာစို့။

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့မြေ

## ပညာသင်ကြစို့

* ကလေးဘဝငယ်ရွယ်စဉ်
အပူအပင် ကင်းစင် ။
ပျော်ပျော်ရွှင်ရွှင် စိတ်ကြည်လင်
ပညာကြိုးစားသင် ။
ကျောင်းမှန်မှန်တက် စာမခက်
ညစဉ် စာကိုကျက် ။
ပညာမဲ့လျှင် နောင်တစ်သက်
စားဝတ်နေရေးခက် ။
ပညာတတ်လျှင် လူရာဝင်
နှလုံးလှ, ဖြူစင် ။
အမှားအမှန်ခွဲခြားသိမြင်
အရာရာအောင်မြင် ။
ကျောင်းစာမက စာဖတ်ကြ
စိတ်ခွန်အား ပြည့်ဝ ။
သုတ,ရသ,ဒဿန
လေ့လာဆည်းပူးကြ ။
ကိုယ်ရည် ကိုယ်သွေး မြင့်မားရေး
ကိုယ်တိုင်ပျိုးထောင်ပေး ။
အနာဂတ်ဘဝလှပရေး
အားမာန်သစ်တွေမွေး ။
ကိုယ်ရည်ရွယ်ရာ ပန်းတိုင်သို့
အသိဉာဏ်နှင့်ပို့ ။
နိုင်ငံသားကောင်း ဖြစ်စေဖို့
ပညာသင်ကြစို့ ။ ။

မိုးထက်ကို(အမရပူရ)

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**အောင်လံ မေ ၂၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၈ရက် နံနက် ၉ နာရီက အောင်လံမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှရွှေက ကျောင်းအပ်နှံရေး အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ခရိုင်ပညာရေးမှူး ဦးစံရွှေမောင်က ကျောင်းအပ်နှံရေးအထိမ်းအမှတ်နှင့်ပတ်သက်သောအကြောင်းအရာများ ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ပညာရေးမှူး ဦးဝင်းဇော်က မြို့နယ်ပညာရေးဆိုင်ရာလုပ်ငန်းရှင်းလင်းချက်များကို ပြောကြားခဲ့သည်။ ဆက်လက်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ နိုင်ငံတော်မှ အခမဲ့ထောက်ပံ့သော စာရေးကိရိယာများ၊ ကျောင်းသုံး ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များကို အထက်တန်းဆင့် ကျောင်းသား၊ ကျောင်းသူများနှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံများကို ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ပြီး၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် လူရည်ချွန်ရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူ ၈ ဦးအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**အာကာ(ပြန်/ဆက်)**



## မန္တလေးတောင်တော်ရှိ ဘုရား၊ စေတီ၊ ပုထိုးများပြုပြင်ရန် စေတနာရှင်များမှ ငွေများလာရောက်လှူဒါန်း



**မန္တလေး မေ ၂၉**

ငလျင်ဒဏ်ကြောင့် ပျက်စီးယိုယွင်းသွားသော မန္တလေးတောင်တော်ရှိ ဘုရား၊ စေတီ၊ ပုထိုး၊သိမ်၊တန်ဆောင်း၊ပြာသာဒ်များအား ဂေါပကအဖွဲ့မှ ကြီးမှူး၍ ပြန်လည်ပြုပြင်လျက်ရှိရာပြီး စေတနာရှင်များက ငွေများလာရောက်လှူဒါန်းလျက်ရှိပြီး မေ ၂၇ ရက် နံနက်ပိုင်းက ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ကုဋ္ဌေကျေးရွာဆရာတော် ဘဒ္ဒန္တပိဋ္ဌကာလနှင့် မောင်နှမများက ငွေကျပ် ၁၂ သိန်း၊ ဦးတင်ဆန်း+ဒေါ်မြင့်မြင့်ခိုင် မိသားစုက ငွေကျပ် ၁၂ သိန်း၊ ဦးတင်လှိုင်+ဒေါ်ဇာခြည်လင်း မိသားစုက ငွေကျပ် ၁၂သိန်း၊ ဦးနော်အောင်+ဒေါ်မြင့်မြင့်သန်း မိသားစုက ငွေကျပ် ၁၂ သိန်း၊ကိုမျိုးဝင်းကျော်+မထက်ထက်အောင် မိသားစုတို့က ငွေကျပ် ၁၂ သိန်း စုစုပေါင်း ငွေကျပ် သိန်း ၆၀ တို့ကို လာရောက်လှူဒါန်းရာ မန္တလေးတောင်တော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့်အဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပေးအပ်ခဲ့သည်။ (ဝဲပုံ)

ကုသိုလ်ရှင်များအနေဖြင့် သံ(၃မူး) ၀ ဒသမ ၂၅တန်လျှင် ငွေကျပ် ၉၅၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ သံ(၃မူး)၀ ဒသမ ၅ တန်လျှင် ငွေကျပ် ၁၉၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ သံ(၃)မူး တစ်တန်လျှင် ငွေကျပ် ၃၈၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ဘိလပ်မြေတစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ထုံးတစ်အိတ်လျှင် ငွေကျပ် ၃၅၀၀ နှုန်းဖြင့်လည်းကောင်း၊ သဲတစ်ကျင်းလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ချိုပင်ကျောက်တစ်ကျင်းလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ (B) ကျောက်တစ်ကျင်းလျှင် ငွေကျပ် ၈၀၀၀၀နှုန်းဖြင့်လည်းကောင်း၊ အုတ်တစ်ချပ်လျှင် ငွေကျပ် ၃၅၀ နှုန်းဖြင့်လည်းကောင်း၊ ဆီဆေးတစ်ဂါလန်လျှင် ငွေကျပ် ၇၄၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ရေဆေးတစ်ဂါလန်လျှင် ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ရေဆေးတစ်ပုံးလျှင် ငွေကျပ် ၂၂၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ 1"x1" ကြွေပြားတစ်ချပ်လျှင် ငွေကျပ် ၄၅၀၀ နှုန်းဖြင့် လည်းကောင်း မန္တလေးတောင်ဂေါပကအဖွဲ့ရုံးနှင့် ဆုတောင်းပြည့် ဘုရားရင်ပြင်၊ အလှူခံဌာနတို့တွင်လည်းကောင်း၊ ဂေါပကအဖွဲ့ ဖုန်း ၀၉-၇၈၇၆၅၉၇၇၅၊ ၀၉-၄၄၁၀၃၈၈၇၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၄၅)



## စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် နဂါးရုံဘုရား ပန္နက်တင်မင်္ဂလာကျင်းပ

**မန္တလေး မေ ၂၉**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် စောမွန်လှပေါ်တော်မူ သစ္စာအဓိဋ္ဌာန်အောင် ဆုတောင်းပြည့် မြတဘက်နဂါးကိုးကောင်ဘုရား စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် နဂါးငါးကောင် နဂါးရုံဘုရား ပန္နက်တင်မင်္ဂလာကို ၁၃၈၇ ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ ရက်၊ မေ ၂၄ ရက် နံနက်က ကျင်းပခဲ့သည်။

အဆိုပါ နဂါးငါးကောင်နဂါးရုံ ဆုတောင်းပြည့်ဘုရား ပန္နက်တင်မင်္ဂလာကို နဂါးကိုးကောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒအရှင်သူမြတ်အား ဦးထိပ်ထားသြဝါဒခံယူလျက် နှစ်ဖက်သောမိဘများအားအမှူးထား၍ ဘုရားဒါယကာကြီး ဦးတင်ဝင်း+ဘုရားဒါယိကာမကြီး ဒေါ်နန်းမျိုးမျိုးစိန်တို့က မဟာသဒ္ဓမ္မ ဇောတိကဓဇဘဒ္ဒန္တရာဇိန္ဒ နဂါးကိုးကောင်ဆရာတော်အမှူးရှိသော ဆရာတော်၊ သံဃာတော်များ၊ ရှင်သာမဏေများ၊ ကျောင်းဝေယျာဝစ္စပြုလုပ်ကြသော သီလရှင် ဆရာကြီး၊ ဆရာလေးများအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ နဂါးကိုးကောင် ဘုရားနှင့် နဂါးကိုးကောင်ကန်တော်မင်္ဂလာအနီးရှိ မဟာဗောဓိပင်အောက်တွင် မင်္ဂလာအချိန်ကျရောက်သည်နှင့် နဂါးငါးကောင် နဂါးရုံဘုရားတည်ထားကိုးကွယ်ရန် အလှူ့ဒါယကာ+ဒါယိကာမများကိုယ်တိုင် နဂါးကိုးကောင် ဆရာတော်၏ ညွှန်ကြားမှုကိုခံယူ၍ ပန္နက်တင်ခြင်းမင်္ဂလာပြုလုပ်ခဲ့သည်။ (အပေါ်ပုံ)

ထို့နောက် နံနက် ၈ နာရီတွင် နဂါးငါးကောင်နဂါးရုံဘုရားကြီး တည်ထားကိုးကွယ်ရန် အလှူတော်ငွေနှင့် လှူဒါန်းမှုအစုစုတို့အတွက် နဂါးကိုးကောင်ဆရာတော်ထံမှ သီလတရားခံယူဆောက်တည်ခဲ့ကြပြီး ရေစက်သွန်းချ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(ကဆ)

## ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ပရိယတ္တိသာသနဟိတအသင်းအဆောက်အအုံများပြုပြင်ရန် စေတနာရှင်များမှ အလှူငွေများလှူဒါန်း

**မန္တလေး မေ ၂၉**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၅လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြားရှိ ပရိယတ္တိသာသနဟိတအသင်းရှိ အဆောက်အအုံနှင့် စာဖြေဌာနများသည် မတ် ၂၈ ရက် ငလျင်ကြောင့် ပျက်စီးမှုများ၊ ပြိုကျမှုများ ဖြစ်ပေါ်ခဲ့သည်။ သာသနာ့အာဇာနည်များမွေးထုတ်ပေးရာ ပရိယတ္တိသာသနဟိတအသင်း စာသင်စာချစာ လျှောက်မေးခမ်းစာမေးပွဲများ ပြန်လည် ကျင်းပနိုင်ရန်နှင့်ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများအား ပြန်လည်ပြုပြင်ရန် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်များက ငွေများလှူဒါန်းလျက်ရှိရာ မေ ၂၈ ရက်က ပြင်ဦးလွင် ဖားအောက်တောရကျောင်း၊ ငလျင်ဘေးအလှူတော်အဖွဲ့မှ ငွေကျပ်သိန်းတစ်သောင်းငါးထောင်ကိုလည်းကောင်း၊ အသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်မှ ငွေကျပ် သိန်း ၅၀ တို့ကို လာရောက်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးသိန်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးလွင်၊ အတွင်းရေးမှူး ဦးဇော်ဇော်နှင့် အမှုဆောင်များက လက်ခံရယူခဲ့ကြသည်။

ပရိယတ္တိသာသနဟိတအသင်း၏ ပင်ပဆောင်နှင့်အဆောက်အအုံများ၊ စာဖြေဆောင်များ ပြုပြင်မွမ်းမံရန် လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၀၉၀၀၄၄၁၊ ၀၉-၄၀၀၉၀၀၄၄၂၊ ၀၉-၄၀၀၉၀၀၄၄၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

(၀၄၅)



## မန္တလေးငလျင်ကြောင့် ပြိုကျပျက်စီးသွားသည့် အိမ်ပိုင်ရှင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**အမရပူရ မေ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့၊ မှန်တန်းရပ်ကွက်အတွင်းရှိ မန္တလေးငလျင်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အိမ်ရှင်များအား မေ ၂၈ ရက် နံနက် ၁၁ နာရီက မှန်တန်းရပ်ကွက်ရှိ မိုးကောင်းဓမ္မာရုံတွင် Save the Children အဖွဲ့မှ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။ (အောက်ပုံ)

အဆိုပါ မန္တလေးငလျင်ကြောင့် မှန်တန်းရပ်ကွက်အတွင်း အိမ် ၉၇ လုံး ပြိုကျပျက်စီးခဲ့သည်။ ယင်းပျက်စီးပြိုကျသည့် အိမ်များအတွက် Save the Children အဖွဲ့မှ အိမ်ထောင်စုဘက်စုံသုံး ပစ္စည်း ၂၃ မျိုးကို ထောက်ပံ့ပေးခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၀၈၄)



## မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးတွင် တိုင်း၊ ခရိုင်၊ မြို့နယ်အတွင်းရှိ ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများ၏ ကျောင်းနေအရွယ် သား၊ သမီးများအား ပညာသင်စရိတ်ငွေပေးအပ်

**မကွေး မေ ၂၉**

မကွေးတိုင်းဒေသကြီး၊ဥပဒေချုပ်ရုံးက တိုင်း၊ ခရိုင်၊ မြို့နယ်အတွင်းရှိ ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများ၏ ကျောင်းနေအရွယ် သား၊ သမီးများအား ပညာသင်စရိတ်ငွေပေးအပ်ပွဲကို မေ ၂၉ ရက် နံနက် ၉ နာရီက အဆိုပါရုံးရှိ ပါမောက္ခဦးလှအောင် ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးတင့်ဝေက နိုင်ငံတော်အနေဖြင့်လည်း ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံရေး တွန်းအားပေးဆောင်ရွက်လျက်ရှိရာ စာရေးကိရိယာ၊ သင်ရိုးညွှန်းတမ်းစာအုပ်၊ကျောင်းဝတ်စုံ စသည်တို့ကို အခမဲ့ထောက်ပံ့ပေးနေကြောင်း မိမိတို့မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးအနေဖြင့်လည်း တိုင်းအတွင်းရှိ ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများ၏ သား၊ သမီးများကို မိမိနှင့် တိုင်းဒေသကြီး ဥပဒေအရာရှိတို့က မ,တည်ပြီး အထက်တန်း၊ အလယ်တန်း၊ မူလတန်းနှင့် KG အဆင့် ကျောင်းသား၊ ကျောင်းသူများကို ပညာသင်စရိတ်ငွေအဖြစ် ယခုလို ပံ့ပိုးကူညီပေးအပ်ခြင်းဖြစ်ကြောင်း၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းနှင့် KG အဆင့် ကျောင်းသား၊ ကျောင်းသူများကို တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ပံ့ပိုးကူညီပေးသွားမှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်မိသန္တာမြင့်က ပညာသင်စရိတ်ငွေပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီး ဥပဒေအရာရှိတို့က အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ခြောက်ဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူသုံးဦး၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ရှစ်ဦး၊ KG အဆင့် ကျောင်းသား၊ ကျောင်းသူ ခြောက်ဦး၊ မူကြိုအဆင့် ကျောင်းသား၊ ကျောင်းသူတစ်ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၄ ဦးအတွက် ငွေကျပ် ၁၂ သိန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**မောင်ခိုင်မင်း (ပြန်ဆက်)**



# အိုဘယ့်ချင်းမိုင်(၁)

**သန်းစိုးအောင်**

**ချင်းမိုင်နိဒါန်း**
**‘ နေခြည်ဝင်းဝင်း**
**တိမ်တစ်ခင်းလည်း**
**ငွေ့ချင်းဖွဲ့သီ**
**ရွှေ့ရွှေ့ချီ၍’**

ကျွန်တော်တို့ ယဉ်ကျေးမှုနှင့် ဒေသန္တရလေ့လာရေးအဖွဲ့ မင်္ဂလာဒုံလေဆိပ်ရောက်တော့ နံနက် ၅ နာရီ ရှိလေပြီ။ အချိန်က ဝေလီဝေလင်း လေယာဉ်က နံနက် ၈ နာရီထွက်မည်ဟု ခန့်မှန်းသိရှိရသည်။ သို့သော် စိုးရိမ်တတ်သည့် ကျွန်တော့်စိတ်ကို သိနေသော သားငယ်က ရွှေဂုံတိုင်ရှိ ခေတ္တတည်းခိုရာ အိပ်စဲလ် (EXCEL) ဟိုတယ်မှ ကျွန်တော့်ကို သူ့ကားနှင့် စောစောလိုက်ပို့ခြင်းဖြစ်၏။

ခရီးစဉ်က ချင်းမိုင်၊ ချင်းရိုင်၊ ရွှေတြိဂံ ထိုင်းနိုင်ငံမြောက်ပိုင်း ယဉ်ကျေးမှုနှင့် ဒေသန္တရ လေ့လာရေး ငါးညအိပ် ခြောက်ရက် ခရီးစဉ်ဖြစ်၏။ ခရီးစဉ်အကျိုးဆောင် ကုမ္ပဏီကား ဘန်ကောက်နှင့် ရန်ကုန်တွင် ကုမ္ပဏီရုံးခန်းဖွင့်ထားသော Dream January ဖြစ်၏။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်

ခရီးစဉ်၏ အစအဖြစ် ရန်ကုန်မှ ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့သို့ မန်းရတနာပုံ လေကြောင်းလိုင်းဖြင့် လေယာဉ်စီးရမည်ဖြစ်သည်။ ကျွန်တော်တို့အဖွဲ့တွင် စုစုပေါင်း ၂၄ ဦး ပါဝင်ပြီး သက်ဆိုင်ရာကုမ္ပဏီ၏ အကျိုးဆောင်မှုဖြင့် စုဖွဲ့သွားရသော ခရီးစဉ်ဖြစ်၏။ လေဆိပ်တွင် ကူညီဆောင်ရွက်ပေးရန် ခရီးသွားကုမ္ပဏီမှ အကျိုးဆောင်မိန်းကလေးတစ်ဦး ကြိုတင်ရောက်ရှိနေသည်။

လေဆိပ်တွင် လက်မှတ်ဝယ်ယူရန် တန်းစီစောင့်ဆိုင်းရသည်။ သက်ဆိုင်ရာ တာဝန်ရှိသူများက မှတ်ပုံတင်နှင့် SMART CARD ကို စစ်ဆေးခြင်း၊ ခရီးစဉ်၏ ရည်ရွယ်ချက် မေးမြန်းသည်ကို ဖြေကြားရခြင်း၊ ခရီးဆောင်အိတ်များကို စစ်ဆေးခံ အပ်နှံပြီးနောက် လေဆိပ်အတွင်းသို့ ဝင်ခွင့်ရပါသည်။

ကျွန်တော်သည် လေဆိပ်ခန်းမတစ်နေရာတွင်ထိုင်လျက် ခရီးသွားကုမ္ပဏီမှ ကြိုတင်ဖြန့်ဝေထားသော လက်ကမ်းစာစောင်ပါ ပထမနေ့နှင့် ဒုတိယနေ့ ခရီးစဉ်အစီအစဉ်ကို ဖတ်ရှုနေမိသည်။ ရန်ကုန်မှ တာချီလိတ်မြို့သို့ လေကြောင်းခရီးဖြင့် သွားရောက်၍ နယ်စပ်ဖြတ်ကျော် (Border Pass) ပြုလုပ်ပြီး မယ်ဆိုင်မြို့သို့ သွားရောက်ပါမည်။ ကုမ္ပဏီမှ စီစဉ်ပေးသော ဒေသန္တရဟိုတယ်တွင် တစ်ညတာ အိပ်စက် အနားယူရပါမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်

ဟိုတယ်တွင် နံနက်စာ စားသုံးပြီးနောက် စီစစ် (Check Out) ပြုလုပ်ကာ ပထမဦးဆုံး ရွှေတြိဂံ (Golden Tringle) သို့၊ ထို့နောက် ချင်းရိုင်မြို့သို့ မော်တော်ယာဉ်ဖြင့် သွားရောက်ပြီး နာမည်ကျော် ဘုရားဖြူ (White Temple)(ခေါ်) Wat Rong Khun၊ ဘုရားပြာ (Blue Temple)(ခေါ်) Wat Rong Sue Ten တို့ကို ဖူးမြော်ပါမည်။ ဆက်လက်ပြီး ချင်းရိုင်မြို့လယ်တွင် တည်ထားသော ကွမ်ရင်မယ်တော်ရုပ်တု (Goddess of Mercy) သို့ သွားရောက်ပြီး နေ့လယ်စာကို ဒေသဆိုင်ရာဟိုတယ်တွင် သုံးဆောင်ပါမည်။ ထို့နောက် ချင်းရိုင်မြို့၏ နာမည်ကျော် ရေတံခွန်ဥယျာဉ်နှင့် ကော်ဖီဆိုင် (Lalita Cake) ဆိုင်အတွင်း လေ့လာကာ အမှတ်တရ ဓာတ်ပုံရိုက်မည်။ ညနေခင်းတွင် ချင်းရိုင်မြို့၏ အလွန်လှပသော Singha Park အတွင်း အနားယူအပန်းဖြေမည်။

ညနေစာကို ဒေသဆိုင်ရာဟိုတယ်တွင် သုံးဆောင်ပြီးနောက် တစ်ညတာ အိပ်စက်အနားယူပါမည်။ နောက်သုံးရက်အစီအစဉ်ကိုတော့ ချင်းရိုင်ရောက်မှ သိရပေမည်။

ကျွန်တော်သည် လေဆိပ်ဝန်းကျင်ကို ငေးကြည့်နေမိသည်။ ခရီးသွားအချို့က ကျွန်တော့်လိုပင် အေးအေးလူလူ ထိုင်နေကြသည်။ လေဆိပ်ကွင်းပြင်ကို ငေးကြည့်မိသောအခါ နွေတစ်နေ့၏ နံနက်ခင်းပင် ဖြစ်လင့်ကစား နှင်းမြူများ ထူထပ်စွာ ဆိုင်းနေသည်ကို တွေ့မြင်ရသည်။ ကွင်းအတွင်းရပ်ထားသော လေယာဉ်တို့ကို မမြင်ရချေ။ အချိန်က နံနက် ၇ နာရီ ၁၅မိနစ်ခန့်။ လေယာဉ်သည် မူလထွက်ခွာရန် သတ်မှတ်ချိန် နံနက် ၈နာရီ မသေချာတော့။ ထိုစဉ် ခရီးသွားအချို့သည် လေဆိပ်ကော်ဖီဆိုင်ထဲသို့ ဝင်ရောက်ကာ အစားအစာအချို့ကို မှာယူစားသောက်နေကြသည်။ မိနစ် ၃၀ခန့် ကြာသောအခါ ရာသီဥတုအခြေအနေမှာ စတင်ပြောင်းလဲလာဟန်ရှိသည်။ နေရောင်သည် ဝန်းကျင်တစ်ခွင်ကို လွှမ်းခြုံလာပြီး လေယာဉ်ကွင်းအတွင်း ဆိုင်းနေသော မြူထုမှာလည်း တဖြည်းဖြည်း လွင့်ပြယ်စပြုပြီဖြစ်သည်။ ထိုစဉ် လေဆိပ်ခန်းမမှ ကြည်လင်ချိုသာသော အသံတစ်ခု ထွက်ပေါ်လာသည်။

"ကျေးဇူးပြု၍ နားဆင်ပါရှင် .....မန်းရတနာပုံ လေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့မှ တာချီလိတ်မြို့သို့ လိုက်ပါမည့်ခရီးသည်များ မကြာမီ လေယာဉ်ထွက်ခွာမည်ဖြစ်၍ လေယာဉ်လက်မှတ်များကို အသင့်ကိုင်ဆောင်ထားကြပါရန် ကြိုတင်အသိပေးအပ်ပါသည်ရှင်....." တဲ့။

ကျွန်တော်တို့ ခရီးသည်များလည်း လှုပ်လှုပ်ရှရှဖြစ်ကာ မကြာမီ ခန်းမအပြင်ဘက်တွင်ရပ်နေသော လေယာဉ်သို့သွားမည့် ဘတ်(စ်)ကားပေါ်သို့ တက်ကြသည်။ ဘတ်(စ်)ကားပေါ်တွင် ကျွန်တော့်စိတ်သည် လွန်ခဲ့သော အတိတ်ကာလတစ်ခုဆီသို့ ပြန်လည်ရောက်ရှိသွားသည်။

၁၉၇၉ ဝန်းကျင်နှစ်များ ထိုကာလများက ကျွန်တော်သည် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့ကလေးတွင် လက်ထောက်မြို့နယ်ပညာရေးမှူး၊ သည့်နောက် အခြေခံပညာကျောင်းအုပ်ကြီးတာဝန်များကို ထမ်းဆောင်ခဲ့ရသည်။ ထိုစဉ်က ကျွန်တော်သည် အသက် ၃၉ နှစ်အရွယ် ပုဆိုးတိုက်ပုံနှင့် ဌာနဆိုင်ရာအရာရှိငယ်ဘဝ၊ ထိုမြို့ကလေးသို့ သွားလိုလျှင် ရန်ကုန်မြို့မှတစ်ဆင့် ကျိုင်းတုံ(သို့မဟုတ်)တာချီလိတ်မြို့သို့ လေယာဉ်စီးရသည်။ ထိုမှ မိုင် ၅၀ ဝေးသော မိုင်းဖြတ်မြို့သို့ ကားစီးကာ မိုင်းဖြတ်မှ အရှေ့ဘက် ၄၇ မိုင်ဝေးသော တောင်ပေါ်ဒေသ မိုင်းယောင်းမြို့ကလေးသို့ ရောက်ရှိသည်။ သည့်အတွက် ရှမ်းအရှေ့ဒေသ ကျိုင်းတုံ၊ တာချီလိတ်လေယာဉ်ခရီးစဉ်များသည် ကျွန်တော့်အတွက် အထူးအဆန်းမဟုတ်တော့ချေ။

သို့သော် နှစ်တို့လည်းပြောင်း၊ ဇရာလည်းညောင်းခဲ့ပြီ တစ်ချိန်က ဌာနဆိုင်ရာဝန်ထမ်း၊ ယခုမူ စာရေးဆရာ၊ လွတ်လပ်သောစာနယ်ဇင်းသမား။ ယခင်က မြန်မာ့လေကြောင်းတွင် F-27,F-28 တို့ ပျံသန်းခဲ့ကြသည်။ မျက်မှောက်ကာလတွင် ATR နှင့် အခြား JET လေယာဉ်များက အစားထိုးဝင်ရောက်ခဲ့ပြီ။ ကြည့်လေ ယခုစီးရမည့် လေယာဉ်က ATR 72-600 အမျိုးအစား XY-AJO တဲ့။ ရန်ကုန်- တာချီလိတ်ပျံသန်းချိန် ၁နာရီနှင့် မိနစ် ၄၀၊ ယခင်တုန်းကဖော်ကာ F-27 ရန်ကုန်-တာချီလိတ်ပျံသန်းချိန် ၁ နာရီ ၅၅မိနစ်ခန့် ကြာသည်ဟု မှတ်သားမိသည်။

လေယာဉ်စီးနင်းခွင့်လက်မှတ် ကိုင်ဆောင်လျက် လေယာဉ်ပေါ်အတက်တွင် "မင်္ဂလာပါရှင်"ဟူသော လေယာဉ်မယ်များ၏ ဆီးကြိုနှုတ်ဆက်သံကို ကြားရသည်။ ခရီးသည်များ မိမိတို့၏ ထိုင်ခုံနေရာတွင် ထိုင်နိုင်ရန် စီစဉ်ခြင်း၊ ခရီးသည်များ၏ လက်ဆွဲအိတ်များကို လေယာဉ် BOX များအတွင်း ထည့်သွင်းခြင်း၊ ထိုင်ခုံခါးပတ်ပတ်ရန် သတိပေးခြင်းဖြင့် လေယာဉ်မယ်များက ခရီးသည်များကို ကူညီကြသည်။

လေယာဉ်သည် အမြင့် ပေ ၁၇၀၀၀ မှ ပျံသန်းကာ တာချီလိတ်မြို့သို့ ပျံသန်းချိန် ၁ နာရီ မိနစ် ၄၀ ကြာမြင့်မည်ဖြစ်ကြောင်း လေယာဉ်မယ်တစ်ဦး၏ ကြေညာသံနှင့်အတူ လေယာဉ်သည် ပြေးလမ်းမသို့ ဦးတည်ကာ ဘီးလိမ့်လေပြီ။ မကြာမီ ATR-72 လေယာဉ်ငယ်သည် နှပျိုသစ်လွင်သည့် ကြိုးကြာငှက်ပျိုတစ်ကောင်၏ အားမာန်အလား မြေပြင်မှ ဝေဟင်သို့ ပေါ့ပါးသွက်လက်စွာ ပျံတက်ခဲ့လေပြီ။ ကျွန်တော့်နံဘေးတွင် ထိုင်နေသော လူလတ်ပိုင်းအရွယ် ကလေးမြို့သား ကိုကျော်နိုင်ဝင်းက မင်္ဂလာဒုံဝန်းကျင် မြို့ရန်ကုန်၏ ရှုခင်းကို ပြတင်းပေါက်မှတစ်ဆင့် ဗီဒီယိုမှတ်တမ်းတင်နေသည်။ ခပ်လှမ်းလှမ်းတွင်မူ မြန်မာတို့၏ ကျက်သရေဆောင် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ရွှေတောင်ကြီးမိုးသို့ပေါက်နေသည့်အလား ဖူးမြော်ရသည်။

**တိမ်ပရိယာယ်**
**‘ ပုစွန်ဆီသွေး၊ တိမ်ဖြူဖွေးနှင့်**
**ပြာရေးလဲ့လဲ့၊ ညိုမှောင်သွဲ့ကာ**
**ဖွဲ့နွဲ့တိမ်ပျံ၊ နတ်ဗိမာန်လား ’**

လေယာဉ်ပျံသန်းချိန် နာရီဝက်ခန့်ကြာသောအခါ လေယာဉ်သည် အမြင့်ပေ ၁၇၀၀၀ က တည်ငြိမ်စွာ ပျံသန်းနေပြီဟု ခံစားရသည်။ ကြည်လင်သော ကောင်းကင်၌ တိမ်တို့သည် ဝါဂွမ်းလိပ်များပမာ ဟိုတစ်စု သည်တစ်စု အပြာရောင်မိုးသားနောက်ခံ၌ နေရောင်အဟပ်တွင် အချို့က ပုစွန်ဆီသွေး၊ အချို့က အဖြူရောင်၊ အချို့က ပြာလဲ့လဲ့၊ အချို့က ညိုမှောင်သောအရောင်၊ အချို့က မီးခိုးရောင်စသည်ဖြင့် ဟိုတစ်စု သည်တစ်စု ရွေ့လျားနေကြသည်မှာ နတ်တို့၏ ဗိမာန်အလား ထင်ရသည်။

သြော် .....တိမ်စိုင်တိမ်ခဲတို့မှာ နဂါး၊ ဂဠုန်တို့၏ သဏ္ဌာန်ပုံသွင်ထားသည့်အလား (သို့မဟုတ်)စုလစ်၊ မွန်းချွန်၊ တံခွန်များအလား ကျယ်ပြန့်သော အဇ္ဈောပြင်မှာ "လှနိုင်ရက်ပါပေ့"ဟု ဆိုရမည်သာ။

## အောင်လံမြို့၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**အောင်လံ မေ ၂၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အောင်လံမြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူး၍ ၂၀၂၅ ခုနှစ်၊ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈ နာရီက ဘွတ်ကြီး(ရေပေါ်)ကြိုးဝိုင်းအတွင်း မွေးမြူရေးဇုန်ရှေ့တွင် ကျင်းပခဲ့သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှရွှေနှင့်အဖွဲ့ဝင်များ၊ ခရိုင်သစ်တောဦးစီးဌာနမှူး ဦးထွန်းညွန့်တင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်နှင့် ဝန်ထမ်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၄၃၂ ဦး တက်ရောက်ခဲ့ကြပြီး ကျွန်းပင် ၁၅၀၊ ယင်းမာပင် ၁၃၂ ပင်၊ တမာပင် ၇၅ ပင်နှင့် ပိတောက်ပင် ၇၅ပင် စုစုပေါင်း ပျိုးပင် ၄၃၂ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**အာကာ(ပြန်/ဆက်)**



# ဝမ်း နည်း ကြေ ကွဲ ခြင်း

## မန္တလေးမြို့ ELC ကိုယ်ပိုင်အထက်တန်းကျောင်း တည်ထောင်အုပ်ချုပ်သူ ဆရာကြီး ဦးကျော်ဇော၏ ဇနီး

## ဒေါ်ယုယုဆွေ (၇၃) နှစ်

## သည်(၂၈-၅-၂၀၂၅)ရက် ည ၈း၄၅ နာရီတွင် ကွယ်လွန် အနိစ္စရောက်ကြောင်း သိရသဖြင့် မိသားစုနှင့်ထပ်တူ အထူး ကြေကွဲဝမ်းနည်းရပါသည်။

**ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ**

### အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၅)၊ ဦးပိုင်အမှတ်(၄၀)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးအောင်ရန်း၏ သား၊ သမီးများဖြစ်ကြသော (၁) ဒေါ်နီနီခိုင်(၉/မရတ(နိုင်)၀၉၂၅၁၈)၊ (၂) ဒေါ်ဝါဝါခိုင်(၉/မရတ(နိုင်)၀၉၂၅၁၉)၊ (၃) ဒေါ်စန္ဒာခိုင်(၉/မရတ(နိုင်)၁၃၀၄၈၉)၊ (၄) ဦးတင်ထွန်းအောင်(၉/မရတ(နိုင်)၁၃၀၄၈၇)၊ (၅) ဦးနိုင်လင်းအောင်(၉/မရတ(နိုင်)၁၃၀၄၈၈)၊ (၆) ဦးမင်းမင်းအောင်(၉/ခမစ(နိုင်)၀၀၃၂၈၁)တို့က ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ကျွန်ုပ်မိတ်ဆွေထံ ဝန်ခံကတိပြုကာ ပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေကလည်း ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ရွှေရည်ဝင်းနိုင် (LL.B,D.B.L,D.I.L)**
**WIPO-DL-101 (Switzerland)**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(၃၈၂)၊ သံလျက်မော်အနောက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၃၄၃၇၁**

### အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ လေးစုရပ်ကွက်အတွင်းရှိ အရှေ့လားသော်-လမ်းမြေအစပ်၊ အနောက်လားသော်-လမ်းမြေအစပ်၊ တောင်လားသော်-ဦးချစ်ခဲ၏ မြေအစပ်၊ မြောက်လားသော်-လမ်းမြေအစပ် စသည့် နယ်(၄)ရပ်အတွင်းရှိ အရှေ့အနောက်(တောင်ဘက်မျက်နှာစာ)(၃၂)ပေ၊ အရှေ့အနောက်(မြောက်ဘက်မျက်နှာစာ)(၁၈)ပေ၊ တောင်မြောက် (၁၈)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်သော (၁)ဒေါ်ထက်ထက်ခိုင်(ဘ)ဦးသန်းဝင်း(၉/အမရ(နိုင်)၁၃၇၈၃၀)၊ (၂) ဒေါ်ရီရီရှင်း(ဘ)ဦးသန်းဝင်း(၉/အမရ(နိုင်)၁၄၉၁၇၀)၊ (၃) ဒေါ်ဖူးသက်နှင်း(ဘ)ဦးသန်းဝင်း(၉/အမရ(နိုင်)၁၄၉၃၆၀)၊ (၄) ဦးသာသာချစ်(ဘ)ဦးသန်းဝင်း(၉/အမရ(နိုင်)၁၇၇၂၂၁)နှင့် (၅)ဦးရဲရဲ(ဘ)ဦးသန်းဝင်းတို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသက်နိုင်စိုး (LL.B) ဦးမြတ်စိုးဦး (LL.B) ဦးဝေဖြိုးအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (အထက်တန်းရှေ့နေများ)**
**(TNS Law Firm & Legal Services)**
**ကြောင်လျှာရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၈၅၃၃၉၉၉၃၂၊ ၀၉-၇၉၄၉၁၄၉၀၉**

### အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၈)၊ ဦးပိုင်အမှတ်(၁၁၁/ခ)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးတင်မြင့်(ဘ)ဦးကျော်မှို(၉/မရတ(နိုင်)၀၅၂၇၂၇) အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ် အဆောက်အအုံ၊ ရေ + မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးအေးလှ(ဘ)ဦးအေးမောင်(ဒီဘီအန်-၀၁၈၇၆၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးသန်းရွှေ**
**B.A (Hist), H.G.P**
**အထက်တန်းရှေ့နေ**
**၅၃လမ်းနှင့် ၁၁၀(အေ)လမ်းထောင့်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁**

### ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၁၁)၊ ဦးပိုင်အမှတ်(၃-က)(ခဲစင်း)တောင်ဘက်ခြမ်း၊ ၆၈လမ်း၊ ၃၈လမ်းနှင့် ၃၉ လမ်းကြားရှိ (ဖခင်) ဦးမောင်ဦး အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၄၁၈/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်သီသီဦး(၉/မကန(နိုင်)၀၄၀၆၈၃)၊ ဒေါ်ခင်ဆွေဦး(၇/ပခန(နိုင်)၀၉၇၃၃၀)၊ ဒေါ်ရီရီဦး(၉/မရတ(နိုင်)၀၅၆၅၅၈)၊ ဒေါ်ဥမ္မာဦး(၉/မရတ(နိုင်)၀၅၆၅၅၇)၊ ဒေါ်ထားထားဦး(၉/မရတ(နိုင်)၀၀၀၆၆၅)၊ ဒေါ်ချိုချိုဦး(၉/မရတ(နိုင်)၁၀၈၇၁၅)တို့က အမှုတွဲအမှတ်(၀၂၁၄/၂၀၂၅-၂၀၂၆)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကန့်ကွက်နိုင်ပါသည်

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောက်ကမ်းနားပတ်လမ်း၊ ၂၆လမ်းနှင့် ၂၈လမ်းကြား၊ RC (၂)ထပ်၊ လူနေဆိုင်ခန်း၊ ဒေါ်စန်းရီ(၉/မနတ(နိုင်)၁၀၅၅၅၀)ထံမှ ကျွန်တော် ဦးခင်မောင်ဦး(၉/မနတ(နိုင်)၀၈၃၉၇၅)က ဝယ်ယူ၍ အမည်ပြောင်း လျှောက်ထားမည်ဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ဖြစ်စေ၊ အောက်ပါလိပ်စာအတိုင်းဖြစ်စေ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးခင်မောင်ဦး(၉/မနတ(နိုင်)၀၈၃၉၇၅)**
**၂၆လမ်းနှင့် ၂၈လမ်းကြား၊ အောက်ကမ်းနားပတ်လမ်း၊ RC (၂)ထပ်၊ လူနေဆိုင်ခန်း။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၃)၊ ဦးပိုင်အမှတ်(၃၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်မှာ ဦးငွေအောင်(၇/ပတန(နိုင်)၀၀၉၇၇၀)အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပြီး အဆိုပါဂရန်မြေကွက်ထဲမှ မြောက်ဘက်ခြမ်း(ပေ ၃၀ × ပေ၄၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်အစိတ်အပိုင်းကို အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးမင်းထွန်း(ဘ)ဦးတင်မောင်(၉/မရမ(နိုင်)၀၆၇၃၃၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးစရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါစရန်ငွေပေးချေထားသည့် ဂရန်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက ရောင်းကြေးကျန်ငွေများ ဆက်လက်ပေးချေပြီး အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းနိုင်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၁၅-အေ)၊ ၃၉လမ်း၊ ၆၈လမ်းနှင့် ၆၉လမ်းကြား၊**
**မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၄၄၄၀၄၆၂၀၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၆၂/ခ)၊ ကျွဲနှဖားတောင်၊ ဦးပိုင်အမှတ်(၄၉)၊ ဧရိယာ(၄ ဒသမ ၀၃)ဧကရှိ ဒေါ်တင်ထွေး အမည်ပေါက်ယာမြေလုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ သက်ဆိုင်ရာ ရုံးတော်အသီးသီးတို့တွင် လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန်အလို့ငှာ ဒေါ်နွယ်(ဘ)ဦးဆောင်းတင်(၉/အမရ(နိုင်)၁၀၁၀၆၅) ကိုင်ဆောင်သူအား ဒေါ်တင်ထွေး(ဘ)ဦးထွန်းအောင်(၉/နထက(နိုင်)၀၆၂၅၀၁)ကိုင်ဆောင်သူမှ မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၈၅/၂၀၁၈)ဖြင့် ပုသိမ်ကြီးမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံးတွင်(၂၅-၆-၂၀၁၈)ရက်က လွှဲအပ်ထားခဲ့ရာ အဆိုပါအထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်သူ ဒေါ်တင်ထွေးမှာ(၁၉-၃-၂၀၂၀)ရက်တွင် ကွယ်လွန်ခဲ့ပြီးဖြစ်သည့်အပြင် လွှဲအပ်ခြင်းခံရသူအား အထက်ပါယာမြေနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်တာများ ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရန် ကိစ္စပြီးပြတ်ပြီးဖြစ်ပါသဖြင့် အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၈၅/၂၀၁၈)အား ပုသိမ်ကြီးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးသို့ ပြန်လည်အပ်နှံမည်ဖြစ်ကြောင်းနှင့် အဆိုပါအထူးကိုယ်စားလှယ်လွှဲစာမှာ ပျက်ပြယ်ပြီး ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေသီနိုင် (LL.B)၊ တရားလွှတ်တော်ရှေ့နေ**
**ဖုန်း ➤ ၀၉-၂၀၁၇၅၄၅**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၈၀၂)၊ ဦးပိုင်အမှတ်(၂-င)၊ ဧရိယာ(၀ ဒသမ ၂၀၁၀)ဧက အကျယ်အဝန်းရှိ ဒေါ်ခင်ဆွေဝင်း၊ ဒေါ်မြင့်မြင့်သန်း အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ (ရေ+မီး)အပါအဝင် အကျိုးခံစားခွင့်များအားလုံးတို့ကို လက်ရှိ ပိုင်ဆိုင်လျက် ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း အတိအလင်းဝန်ခံကြေညာသူ ၁။ဦးစိန်ကြိုင်(ဘ)ဦးညီဆောင်(၉/မကန(နိုင်)၁၁၈၉၈၃)၊ ၂။ဒေါ်ဟန်နီထွန်း(ဘ)ဦးအောင်တင်(၅/ရဘန(နိုင်)၁၆၄၁၇၃)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီခဲ့ပြီးဖြစ်သည့်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ဝင်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်အတူ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မထွန်း** LL.B, H.G.P, B.A(Hist)
**တရားလွှတ်တော်ရှေ့နေ**

| | |
|---|---|
| **ဦးပြည့်စုံအောင်** (LL.B) | **ဦးသန်းထိုက်အောင်** (LL.B) |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**၃၀(အေ)လမ်း၊ ၆၅လမ်းနှင့် ၆၆လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၀၀၄၇၁၀၊ ၀၉-၉၇၇၈၇၁၅၂၇၊ ၀၉-၇၇၇၇၃၀၇၈၇**

## ကန့်ကွက်နိုင်ပါသည်

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာ အရှေ့ရပ်ကွက်၊ အကွက်(၁၉၁)၊ တိုက်ခန်းအမှတ်(၅)၊ တတိယထပ်၊ နှင်းဆီဆောင် လူနေတိုက်ခန်း ဦးကျော်စန်းဦး(၉/မနတ(နိုင်)၀၀၃၂၆၈)ထံမှ ကျွန်ုပ်မ ဒေါ်မီမီကျော်(၉/မနတ(နိုင်)၀၀၈၁၆၀)က ဝယ်ယူ၍ အမည်ပြောင်းလျှောက်ထားမည်ဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ဖြစ်စေ၊ အောက်ပါလိပ်စာအတိုင်းဖြစ်စေ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

**ဒေါ်မီမီကျော်(၉/မနတ(နိုင်)၀၀၈၁၆၀)**
**အကွက်(၁၉၁)၊ တိုက်ခန်းအမှတ်(၅)၊ တတိယထပ်၊ နှင်းဆီဆောင်**

## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၆၇)၊ ဦးပိုင်အမှတ်(၃၆)၊ ဧရိယာ(၀ ဒသမ ၀၉၄၂)ဧက၊ မောင်ခင်၊ မတုပ် အမည်ပေါက် ဘိုးဘပိုင်မြေနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ လမ်း-၁၄၀၊ အမှတ်(၂၄)၊ နေထိုင်သူ ဦးစိုးဝင်း(ဘ)ဦးဖြူ(၉/မနတ(နိုင်)၁၀၃၀၆၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာပါသည်။

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၆၇)၊ ဦးပိုင်အမှတ်(၃၆)၊ ဧရိယာ(၀ ဒသမ ၀၉၄၂)ဧကရှိ ဘိုးဘပိုင်မြေမှာ မောင်ခင်နှင့် မတုပ်တို့ အမည်ပေါက်လျက်ရှိပါသည်။ အဆိုပါမြေကွက်အား မောင်ခင်နှင့် မတုပ်တို့မှ သားဖြစ်သူ မောင်ဘသိမ်းနှင့် မငိုပြီးတို့ထံ မှတ်ပုံတင်စာချုပ်ဖြင့် အပြီးအပိုင်ပေးကမ်းခဲ့သဖြင့် မောင်ဘသိမ်းနှင့် မငိုပြီးတို့က ဥပဒေနှင့်အညီ ပိုင်ဆိုင်ခဲ့သော မြေကွက်ဖြစ်ပါသည်။ မောင်ဘသိမ်းနှင့် မငိုပြီးတို့တွင် (၁)ဦးအောင်သိန်း၊ ဒေါ်ပြေခင် (၂)ဦးသိန်းထွန်း၊ ဒေါ်ဝါမေ (၃)ဦးဖြူ၊ ဒေါ်လှမြိုင် (၄)ဦးအောင်ကြည်၊ ဒေါ်ကြည်ကြည် သားသမီးလေးဦးထွန်းကားခဲ့ပြီး ဦးအောင်သိန်းနှင့် ဒေါ်ပြေခင်မှ ဦးထွန်းလှအောင်၊ ဦးကိုကိုလေး၊ ဒေါ်တင်တင်ညွန့်တို့အားလည်းကောင်း၊ ဦးသန်းထွန်းနှင့် ဒေါ်ဝါမေတို့မှ ဦးကျော်ဟန်၊ ဦးကျော်တင်၊ ဦးလှကျော်၊ ဒေါ်သန်းသန်းလှ၊ ဦးဝင်းကျော်၊ ဒေါ်ခင်ခင်ထွေးတို့အားလည်းကောင်း၊ ဦးဖြူနှင့် ဒေါ်လှမြိုင်တို့မှ ဦးစိုးဝင်းအားလည်းကောင်း၊ ဦးအောင်ကြည်နှင့် ဒေါ်ကြည်ကြည်တို့မှ ဦးစိန်ဝင်း၊ ဒေါ်ခင်မေရီ၊ ဒေါ်မာလာကြီး၊ ဦးမောင်မောင်လေး၊ ဒေါ်မာလာ၊ ဒေါ်နွယ်နီအေး၊ ဒေါ်ခင်မာလာ တို့အား အသီးသီးမွေးဖွားခဲ့ပါသည်။

သို့ဖြစ်၍ အထက်ဖော်ပြပါ ဘိုးဘပိုင်မြေမှာ (၁)ဦးအောင်သိန်း၊ ဒေါ်ပြေခင် (၂)ဦးသန်းထွန်း၊ ဒေါ်ဝါမေ (၃)ဦးဖြူ၊ ဒေါ်လှမြိုင် (၄)ဦးအောင်ကြည်၊ ဒေါ်ကြည်ကြည်တို့ လေးဦးတို့မှ မွေးဖွားသော သားသမီးများကသာ အမွေဆက်ခံပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ အမွေဝေစုတောင်းဆိုရန်နှင့် အမွေပုံစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုရန် ဦးသန်းထွန်းနှင့် ဒေါ်ဝါမေတို့မှ မွေးဖွားသော သားသမီးများဖြစ်သည့် ဦးဝင်းကျော်၊ ဒေါ်ခင်ခင်ထွေးတို့ထံမှလည်းကောင်း၊ ဦးအောင်ကြည်နှင့် ဒေါ်ကြည်ကြည်တို့မှ မွေးဖွားသော သားသမီး၊ မြေးများဖြစ်သည့် ဒေါ်သန်းသန်းအေး၊ ဒေါ်ခင်မေအေး၊ ဒေါ်မာလာကြီး၊ ဒေါ်နွယ်နီအေး၊ ဒေါ်မာလာ၊ ဦးဖြိုးခန့်၊ ဦးကောင်းခန့်စိုးတို့ထံမှလည်းကောင်း ကျွန်ုပ်မိတ်ဆွေ ဦးစိုးဝင်းက အထွေထွေကိုယ်စားလှယ်စာ ရရှိထားပြီး ဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်ပြီး ကျွန်ုပ်မိတ်ဆွေ ဦးစိုးဝင်း အပါအဝင် အမွေဆိုင်များ၏ သဘောတူခွင့်ပြုချက်ရရှိခြင်းမရှိဘဲ လွှဲပြောင်းရောင်းချခြင်း၊ လွှဲပြောင်းရယူခြင်း၊ ပေါင်နှံပေးကမ်းခြင်း၊ အပေါင်လက်ခံခြင်း၊ အငှားချထားခြင်း၊ အငှားရယူခြင်း၊ အာမခံတင်သွင်းခြင်း အစရှိသည့် အမွေဆိုင်တို့၏ အခွင့်အရေးအပေါ် ဆန့်ကျင်ဆောင်ရွက်မှုတစ်စုံတစ်ရာအား ဆောင်ရွက်ခြင်းမပြုလုပ်ကြပါရန်နှင့် အမွေဆိုင်များ၏ အခွင့်အရေးအပေါ်ဆန့်ကျင်ဆောင်ရွက်ခြင်းကြောင့် နစ်နာမှုဆုံးရှုံးမှုများပေါ်ပေါက်ပါက မိမိတို့တာဝန်သာဖြစ်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **၁။ ဦးအောင်ကျော်ကျော်** | **၂။ ဒေါ်မိမိနိုင်** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၉၁၀၇)** | **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၄၅၉၆)** |

**အမှတ်(၃၈၂)၊ ၇၆လမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြား၊ ကဥ္စနမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၇၉၃၁၆၆၂၈၂၊ ၀၉-၉၅၂၂၉၀၅၅၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၃)၊ ဦးပိုင်အမှတ်(၁၃)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်ခင်စမ်းလှ(ဘ)ဦးသစ်(EMDY-၂၇၄၉၉၁)အမည်ပေါက် ဂရန်မြေကွက် ဖြစ်ပါသည်။ အဆိုပါမြေကွက်၏အနောက်ဘက်ခြမ်း ဧရိယာ(ပေ ၂၀ × ပေ ၆၀)အကျယ်အဝန်းရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာ(၁)ထပ် အဆောက်အအုံ၊ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသက်ပိုင်(ဘ)ဦးရှိုးကျိန်ထင်(၁၃/ကခန(နိုင်)၁၁၆၈၄၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက်အစိတ်အပိုင်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဦးသန်းရွှေ B.A (Hist), H.G.P**
**အထက်တန်းရှေ့နေ**
**၅၃လမ်းနှင့် ၁၁၀(အေ)လမ်းထောင့်**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁၁)၊ ဦးပိုင်အမှတ်(၂၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးထွန်းလင်း(ဘ)ဦးတင်(EA-၀၀၀၉၄၈) (၉/ပဘန(နိုင်)၀၀၄၃၉၀)အမည်ပေါက် ဂရန်မြေကွက် ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ အနောက်ဘက်ခြမ်း ဧရိယာ(ပေ ၂၀ × ပေ ၆၀)အကျယ်အဝန်းရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ (မီး)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ငယ်(ဘ)ဦးပေါလှ(၅/ယမပ(နိုင်)၀၇၂၁၄၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက်အစိတ်အပိုင်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဦးသန်းရွှေ**
**B.A (Hist), H.G.P**
**(အထက်တန်းရှေ့နေ)**
၅၃လမ်းနှင့် ၁၁၀(အေ)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊
မန္တလေးမြို့။ ဖုန်း ➤ ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ အနာဂတ်တွင် နိုင်ငံတော်က အားကိုးအားထားပြုရသည့်၊ ဗလငါးတန်နှင့်ပြည့်စုံသည့်၊ အရည်အချင်းပြည့်ဝသည့် လူငယ်များကို မွေးထုတ်ပေးနိုင်ရန်အတွက် ဆရာ၊ ဆရာမများ၏ သင်ကြားပြသမှု၊ သွန်သင်ဆုံးမမှုကောင်းမွန်ခြင်းအပေါ်တွင် မူတည်နေ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၆) မှကျောင်းသား၊ ကျောင်းသူများကိုတွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်အစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၉

လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်၏(၃/၂၀၂၅) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌများနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။




ဦးစွာ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက အဖွင့်အမှာစကား ပြောကြားရာတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားစနစ်အတွင်း အခြေခံအဆောက်အအုံ(Infrastructure) အချို့ပျက်စီးခဲ့ပြီး ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့မှုကို အချိန်တိုအတွင်း ဓာတ်အားပြန်လည်ရရှိရေး အမြန်ဆောင်ရွက်ပေးခဲ့ကြသည့် လျှပ်စစ်ဝန်ထမ်းများကို ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း။

စွမ်းအင်ကဏ္ဍအနေနှင့်လည်း လက်ရှိထုတ်လုပ်ဆဲ ရေနံမြေများမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်ရန် ပုံမှန်ဆောင်ရွက်နေကျ နည်းလမ်းများအပြင် အေအိုင်(AI)၊ Water Flooding နှင့် Hydraulic Fracturing ကဲ့သို့ နည်းပညာများ အသုံးပြုနိုင်ရန် ကြိုးပမ်းနေကြောင်း၊ Standard Well စနစ် အကောင်အထည်ဖော်ရန် ဆောင်ရွက်နေသည်များအပြင် ကမ်းလွန်စီမံကိန်းအသစ်များကိုလည်း ဆောလျင်စွာ စတင်နိုင်ရန် ဆောင်ရွက်လျက် ရှိကြောင်း၊ စွမ်းအင်ဝန်ကြီးဌာန အနေနှင့် အဖျောက်သဘာဝ ဓာတ်ငွေ့မြေနှင့် မအူပင်(တောင်) ရေနံနှင့် သဘာဝဓာတ်ငွေ့ မြေများရှိ တွင်းဟောင်းများ၏ ပါးလွှာသဲကြောများကို သုတေသနပြုစမ်းသပ်ထုတ်လုပ်ခဲ့ရာ နေ့စဉ် သဘာဝဓာတ်ငွေ့နှင့် ရေနံများ တိုးတက်ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ယခုလို ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူအားလုံးကို ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း။

ရေနံနှင့် သဘာဝဓာတ်ငွေ့မြေအသစ်များ ရှာဖွေဖော်ထုတ်နိုင်ရန်နှင့် လူ့စွမ်းအားအရင်းအမြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စွမ်းအင်ဝန်ကြီးဌာနက Academic Institution များနှင့် Oil and Gas Industry တို့အကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ခဲ့ခြင်းသည် ကောင်းမွန်သည့် ဆောင်ရွက်ချက်ဖြစ်သည့်အတွက် စဉ်ဆက်မပြတ် ကျင့်သုံး ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း။

လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်ရသည်ဖြစ်၍ ဥပဒေမူဘောင် ခိုင်မာရန်နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့်စာချုပ်များ ချုပ်ဆိုရာတွင် နိုင်ငံတော်အနေနှင့် နစ်နာမှုမရှိစေရန် အရေးကြီးပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများအတွက် အာမခံချက်ပေးနိုင်ပြီး လက်ရှိကာလနှင့် လိုက်လျောညီထွေ ဖြစ်အောင် ဆောင်ရွက်ပေးရန်၊ ဌာနများ၏ လုပ်ထုံးလုပ်နည်းများတွင်လည်း လုပ်ငန်းစဉ် အဆင့်ဆင့်တွင် နှောင့်နှေးကြန့်ကြာမှု ရှိနိုင်သည်များကို စိစစ်သုံးသပ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

ပြည်သူများ အနေဖြင့် ဓာတ်အားသုံးစွဲရာတွင် အဆင်ပြေပြီး ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ အရည်အသွေးကောင်းမွန် စိတ်ချရစေရေး၊ တာရှည်ခံနိုင်စေရေးနှင့် ပတ်ဝန်းကျင်အန္တရာယ် မဖြစ်စေရေးတို့အတွက် တင်သွင်းရောင်းချတပ်ဆင်ကိုင်တွယ် သုံးစွဲခြင်း လုပ်ထုံးလုပ်နည်း ဥပဒေ(SOP)ကို အမြန်ပြုစုထုတ်ပြန်နိုင်ရေး ဆောင်ရွက်ပေးစေလိုပါကြောင်း၊ စွမ်းအင်ကဏ္ဍနှင့် ပတ်သက်၍လည်း ကမ်းလွန်စီမံကိန်းအသစ်များသည် နိုင်ငံတော်၏အနာဂတ် စွမ်းအင်ကဏ္ဍအတွက် အရေးပါသည့် စီမံကိန်းများဖြစ်၍ သတ်မှတ်ထားသည့် Timeline များအတိုင်း တွန်းအားပေး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် စီမံကိန်းများ ဆောင်ရွက်ရန် ကိစ္စနှင့်ပတ်သက်ပြီး ကြုံတွေ့လာရသည့် အခက်အခဲများရှိပါက ဆောလျင်စွာ တင်ပြသွားရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

အလားတူ သန်လျင်ရေနံချက်စက်ရုံ အဆင့်မြှင့်တင်ခြင်း စီမံကိန်းအပါအဝင် ရေနံဓာတုဗေဒစက်ရုံများ အဆင့်မြှင့်တင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်း လုပ်ငန်းများ၊ ပိုက်လိုင်းကွန်ရက် အဆင့်မြှင့်တင်ခြင်းနှင့် တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းများကိုလည်း စီမံချက်များအတိုင်း အကောင်အထည် ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် သဘာဝဓာတ်ငွေ့အသုံးပြုသည့်စက်များ၊ ပစ္စည်းကိရိယာ (Machinery and Equipment) များ၏ စွမ်းရည်(Efficiency) တိုးမြှင့်လာရေးအတွက် စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းနှင့် ကော်မရှင် ဒုတိယဥက္ကဋ္ဌ(၂) စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့က လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်ရေးဆိုင်ရာ အခြေအနေများနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်း/စီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ကော်မရှင် အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး တို့က ကော်မရှင်အစည်းအဝေး (၂/၂၀၂၅) ဆုံးဖြတ်ချက်များအပေါ် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတို့နှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များက လိုက်နာဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း ဆောင်ရွက်ဆဲ/ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း အစီအစဉ်များနှင့် ပတ်သက်၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်များနှင့်အစည်းအဝေးတက်ရောက်လာသူများက မိမိတို့ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အကြံပြုဆွေးနွေးချက်များကို တင်ပြကြသည်။

ဆက်လက်၍ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌက နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများ အကောင်အထည်ဖော်ရေး မြေနေရာလိုအပ်ချက်ကို အလွယ်တကူ ရွေးချယ်အသုံးချနိုင်ရေးအတွက် မိမိတို့တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ စီမံကိန်းဆောင်ရွက်နိုင်သည့် မြေနေရာများတွင် စီမံကိန်းဆောင်ရွက်ရန် စိတ်ဝင်စားမှုရှိသည့် လုပ်ငန်းရှင်၊ ရင်းနှီးမြှုပ်နှံလိုသူများလာရောက်ပါက လိုအပ်သည်များကိုပံ့ပိုးကူညီပေးစေလိုပါကြောင်း၊ ရေအားလျှပ်စစ်စီမံကိန်းများကို ကာလလတ်/ကာလရှည် စီမံကိန်းများအဖြစ် အကောင်အထည်ဖော်စီမံဆောင်ရွက်သွားရမည်ဖြစ်ရာ နည်းပညာပိုင်းနှင့် စာချုပ် စာတမ်းပိုင်းများတွင် အားနည်းချက်များ လိုအပ်ချက်များမရှိစေရအောင် ယခုကတည်းက သက်ဆိုင်ရာ ဝါရင့်ဥပဒေပညာရှင်များ၊ နည်းပညာရှင်များနှင့် စိစစ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ စက်မှုဇုန်များနှင့် စိုက်ပျိုးမွေးမြူရေး ဇုန်များတွင် ပြန်ပြည့်မြဲ စွမ်းအင်ဖြစ်သည့် နေရောင်ခြည်သုံး ဓာတ်အားပေးစက်ရုံများကို အနီးဝန်းကျင်နှင့် ဆက်စပ် မြေနေရာများတွင် တည်ဆောက်ကြပြီး ဓာတ်အားရယူသုံးစွဲနိုင်ရေး တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက စီမံဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း၊ သဘာဝဓာတ်ငွေ့သုံးစွဲမှုအပိုင်းတွင် ပိုက်လိုင်းစနစ်များ၊ စက်ပစ္စည်းများ သုံးစွဲမှုကာလကြာမြင့်မှုများကြောင့် စွမ်းရည်ကျဆင်းမှု၊ ပျက်စီးမှု၊ လေလွင့်ဆုံးရှုံးမှု လျော့နည်းပပျောက်စေရေးကို ကြပ်မတ်စစ်ဆေးဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်